မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

အိုသည့်တိုင်အောင် အကျင့်သီလ ရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၅၅)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့

ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ဖျင်လုတူးမြောင်းနှင့် အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းတို့ကိုကြည့်ရှုလေ့လာပြီး ကွမ်ကျိုးမြို့တော်ဝန်အား လက်ခံတွေ့ဆုံ



ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာရေးအတွက် ပင်လယ်မှမြစ်သို့ တိုက်ရိုက်ဆက်သွယ်ထားသည့်ဖျင်လုတူးမြောင်း၏မာတောက်(Madao) ဆုံမှတ်ကို ကြည့်ရှုစဉ်။

ကွမ်ကျိုး စက်တင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ရောက်ရှိပြီး ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့တော်ဝန်မစ္စတာ စွန်းကျိယန်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ

စာမျက်နှာ ၅ ကော်လံ ၁ ⇨

“လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့” အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် “လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့” အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၊ MICC – 1 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV News Channel၊ MRTV Farmers’ Channel နှင့် MRTV NRC Channel နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM ၊ သဇင် FM နှင့် Star FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံအိတ်ကို စက်တင်ဘာလ(၂၈)ရက် (တနလ်ာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို

စာမျက်နှာ ၁၃ ကော်လံ ၅ ➥

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံသားတိုင်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ

စာမျက်နှာ ၁၅ ကော်လံ ၁ ▲



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကျင်းပစဉ်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးထစ်ချန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၉


လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။

နောက် ၉၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက် – အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ❑



System Breakdown ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

နေပြည်တော် စက်တင်ဘာ ၁၉

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့် အခြေအနေတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများဓာတ်အားအပြည့်အဝရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့်ဓာတ်အားလိုင်းများပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ည မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ⇛

မြဝတီ ဆောင်းပါး

သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာ အစီရင်ခံစာ (Global Environment Outlook 7 (GEO-7)) တွေ့ရှိချက်များနှင့် အရေးကြီး သတင်းစကားများ

စာ – ၁၁ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်

တန်ဖိုးထားလေးစားကုဏ်ပြုခြင်း

ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ပေးနေသည့်တပ်မတော်သည် စဉ်ဆက်မပြတ်အင်အားတောင့်တင်းခိုင်မာနေရမည်ဖြစ်သည်။ ထိုသို့ဖြစ်နေစေရေးအတွက် **"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းရန် တာဝန်ရှိသည်"** ဟူ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၆ တွင် ပြဋ္ဌာန်းထားသည်။

မိမိနိုင်ငံနှင့်မိမိလူမျိုးကို ချစ်မြတ်နိုးသည့်လူငယ်တိုင်းသည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိတို့၏ကိုယ်ပိုင်ဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိကြသည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၃)မှ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို စက်တင်ဘာလ ၁၈ ရက်က တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသောနိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကိုကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ဘည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။

နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားများသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန်တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့်ပြည်သူအကြားယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကိုဖော်ပြခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြို့လုံးကျွတ် ဝါတွင်းကာလ အရုဏ်ဆွမ်းစုပေါင်းလောင်းလှူပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၉

တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သာသနာ့ဗိမာန်ရှေ့၌ ဗုဒ္ဓသာသနာတော်ထာဝစဉ် အခွန့်ရှည်တည်တံ့စေရန်နှင့် ဝါတွင်းကာလအတွင်း သံဃာတော်အရှင်သူမြတ်များ ဆွမ်းကိစ္စများအဆင်ပြေစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးပြီးမြို့လုံးကျွတ် ဝါတွင်းကာလ သတ္တမမဟာအရုဏ်ဆွမ်းစုပေါင်းလောင်းလှူပွဲကို စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ အရုဏ်ဆွမ်းစုပေါင်းလောင်းလှူပွဲတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက တောင်ကြီးမြို့နယ် အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်အပေါင်း၉၀၀တို့အား ဆွမ်း၊ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာသဒ္ဓါတရားထက်သန်စွာ စုပေါင်းလောင်းလှူကုသိုလ်ယူကြသည်။

ထိုသို့ အရုဏ်ဆွမ်း စုပေါင်းလောင်းလှူပွဲများကို ဝါတွင်းကာလ အတွင်း အပတ်စဉ် အဖိတ်နေ့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ထက်ဝေ(ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ပူတာအို စက်တင်ဘာ ၁၉

ကချင်ပြည်နယ် ပူတာအိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းနိုင်၏ဦးဆောင်မှုဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာလာစေရေးအတွက်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့တွင်း လူအသွားအလာများသောမြို့မစျေးရှေ့ ခရိုင်ပြန်/ဆက် လမ်းဆုံနှင့် လေယာဉ်ကွင်းရပ်ကွက် ရုပ်တုလမ်းဆုံတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့တာဝန်ခံ ဒုတိယရဲအုပ်ဘိုဘိုအောင်နှင့်တာဝန်ရှိသူများက ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် အချက်များနှင့်ဆိုင်ကယ်မောင်းနှင်သူများ အန္တရာယ်ကင်းစေရန် ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန် အသိပညာပေးဟောပြောသည်။

ဆက်လက်၍မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်မှုဖြင့် မြို့မရဲစခန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ပူးပေါင်းမှုဖြင့် မြို့မစျေးရှေ့ ပြန်/ဆက်လမ်းဆုံနှင့် လေယာဉ်ကွင်းစျေးရှေ့ ရုပ်တုလမ်းဆုံ၌ ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ နှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သင်(FM)အသံလွှင့် အစီအစဉ်

၂၀-၉-၂၀၂၆(တနင်္ဂနွေ)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၀ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

ကြေးမုံ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်အကြောင်း အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုတို့ပူးပေါင်းပြီး ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများသုံးစွဲခြင်း၏ဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက်က တာမွေမြို့နယ်ရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဃ်နိုးကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုဦးက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအကြောင်း အသိပညာပေးရှင်းလင်းဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသော မူးယစ်ဆေးဖြတ်သင်တန်းသားများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး သဃ်နိုးကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မူးယစ်ဆေးဖြတ်သင်တန်းသားများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားကို နိုင်ငံ၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအပါအဝင် မူးယစ်ဆေးဝါးအမျိုးမျိုး၏ ကျေးကျွန်ဘဝမရောက်ရှိစေရေးနှင့် မူးယစ်ဆေးဝါးကြောင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး သဃ်နိုးကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မူးယစ်ဆေးဖြတ်သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်

ဖီးကြမ်းငှက်ပျောများ စီးပွားဖြစ်စိုက်ပျိုးထား စိုက်ပျိုးပြီးငှက်ပျောခင်းများ အောင်မြင်ဖြစ်ထွန်း



မြစ်သား စက်တင်ဘာ ၁၉

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ် အတွင်းရှိ ဒေသခံတောင်သူများသည် ကင်းတားရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကိုအမှီပြု၍ ဖီးကြမ်းငှက်ပျော စိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြရာ လက်ရှိတွင် စိုက်ပျိုးပြီး ငှက်ပျောခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသခံတောင်သူများအနေဖြင့် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် ငှက်ပျောစိုက်ပျိုးရေး လုပ်ကိုင်ရာတွင် သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်း စသည့်နည်းလမ်းများဖြင့် မျိုးပွား၍ စိုက်ပျိုးကြသည်။ သားတက်ကို အပင်ခြေမှ ၂ ပေခန့် ချန်၍ အရိပ်အောက်တွင် သုံးလေးရက်ခန့် ခေတ္တအခြောက်ခံထားပြီး စိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေးတို့ကို မြေသားနှင့်ရောနှော၍ စိုက်ပျိုးကြသည်။

ဖီးကြမ်းငှက်ပျောသည် ဈေးကွက်တွင် လူကြိုက်များသောငှက်ပျောအမျိုးအစားဖြစ်၍ မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဖီးကြမ်းငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းဖြစ်သည်။

မြစ်သားမြို့နယ်၌ ရွှေပေါ်ကျွန်းကျေးရွာ၊ ငါးဆူကျေးရွာ၊ ကင်းစိန်စျေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ နွားကူးလေးကျေးရွာ၊ အုပ်ရှစ်ကုန်းကျေးရွာ၊ တလိုင်းကုန်းကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ ပွဲလုံးကျော်ကျေးရွာ၊ သရက်ပင်ကံဆွယ်ကျေးရွာ၊ ခရုတုတ်ကျေးရွာ၊ ကဆွန်းကျေးရွာ၊ ကျန်တောကျေးရွာ၊ ရွာခိုင်ကြီးကျေးရွာ၊ ဒါးဝယ်အင်းကျေးရွာ၊ မြနဒီကျေးရွာ၊ လက်ပံဆိပ်ကျေးရွာနှင့် ရွှေကြာအင်းကျေးရွာတို့၌ ငှက်ပျောအများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

တစ်ပတ်တာအတွင်း စတော့ရှယ်ယာအစောင်သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်စတော့အိတ်ချိန်းတွင် စက်တင်ဘာလတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ စက်တင်ဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ ငွေကျပ် ၂၀၄၇၆၅၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၉၇၂ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

အဆိုပါကာလအတွင်း ကုမ္ပဏီတစ်ခုစီအလိုက် အရောင်းအဝယ်ပြုလုပ်မှုအနေဖြင့် FMI ကုမ္ပဏီမှ ငွေကျပ် ၂၆၅၅၅၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၃၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၈၈၀၀၆၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၂၃၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၄၁၂၄၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၇၈၉၇၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၂၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၂၂၃၅၅၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၂၉၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၉၄၉၇၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၄၉၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၁၈၆၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၈၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၃၂၇၅၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၉၉၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်

အထွက်နှုန်းကောင်း မိုးစပါးစံကွက်ရိတ်သိမ်း



သဲကုန်း စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်း အထွက်နှုန်း ကောင်းမွန်စေရန် စိုက်ပျိုးထားသော မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာလ ၁၈ ရက်က ကန်နှစ်ဆင့်ကျေးရွာအုပ်စု ရွာသာယာကျေးရွာ တောင်သူဦးသောင်းရွှေ၏ စံကွက်၌ကျင်းပရာ မိုးစပါးစံပြကွက် သုည ဒသမ ၁၀ စံကွက်ရိတ်သိမ်းရာတွင် စပါးအစို ၉၆ ဒသမ ၉၅ တင်း၊ စပါးအခြောက် ၈၇ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

သဲကုန်းမြို့နယ်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုး ဧက ၅၄၀၊ YAR-14 ဧက ၈၃၀၊ ထိုင်းနှံကောက် ၁၁၆၂၂ ဧက၊ မှော်ဘီ(၂) ၁၁၀၀၆ ဧက၊ ရက်(၉၀) ၁၁၂၄၃ ဧက၊ ရတနာတိုး ၂၇၃၄၂ ဧက၊ အင်းမရဲဘော် ၈၄၆၃ ဧကနှင့် ဗီယက်နမ် ဧက ၁၁၅၆၀ စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်း၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံ ဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ်စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသော အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

စိုက်ပျိုးရေးအတွက် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေးအပြည့်အဝရရှိရေး၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးအပြင် တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)



ရ တ နာ ပုံ ဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

“အိမ်ကတုတ်ယူပြီး ပြန်လာတော့ သူက ဒီလိုပြောတယ်ပေါ့လေ”

“ဟုတ်တယ်”

“အိမ်ထဲမှာ ဦးဘသာနဲ့ မောင်ဘချို ရန်ဖြစ်နေတယ်၊ ရန်ဖြစ်ပြီး မောင်ဘချိုက ဦးဘသာကို သေနတ်နဲ့ပစ်သတ်တယ် ဒီလိုလား”

“ဟုတ်တယ်”

“ဟိုမှာကြည့်စမ်း၊ မောင်ဘထွန်းဆိုတာ ဟိုလူပဲလား”

“ဟုတ်တယ်”

“ဦးဘသာ သေပြီးတဲ့နောက် မယ်မင်းရန်ကုန် ခဏသွားလည်တယ်မဟုတ်လား”

“ဟုတ်တယ်ဦး ကျွန်မ ဒီကဆရာမကြီးနဲ့မတည့်လို့ ရန်ကုန်ဆေးရုံမှာ လျှောက်ယူတယ်”

“ရန်ကုန်မှာနေတော့လည်း မောင်ဘထွန်းက အိမ်ကိုလာလည်တယ်မဟုတ်လား”

“ဟုတ်တယ်”

“ဒီတော့ကော သူ့နာမည်က မောင်သက်ညွန့်မှန်း သိပြီလား”

“သိပြီ”

“ဘာဖြစ်လို့နာမည်ကိုပြောင်းတယ်တဲ့လဲ”

“အိမ်ကလူကြီးတွေနဲ့ စိတ်ဆိုးပြီး မန္တလေးကို ထွက်ပြေးလာတော့ လိုက်ရှာမှာစိုးလို့ နာမည်ပြောင်းနေတယ်လို့ ပြောတယ်”

“ဒါပဲ တော်ပြီ သွားပေတော့”

ထို့နောက် မောင်ဘချိုကို သွင်းလေ လျှင် ပုလိပ်နှစ်ယောက်တို့သည် ၎င်း နောက်မှ အမှတ်မဲ့ရပ်လျက်နေလေ၏။

“မောင်မင့်နာမည်”

“မောင်ဘချို”

“ဝန်ထောက်မင်း ဦးကျော်မင်းသား”

“မှန်ပါ”

“တရားခံကိုကြည့်စမ်း သိသလား၊ မောင်မင်း သူ့ကို”

“သိပါတယ်”

“ဦးဘသာ သေတဲ့ညကအကြောင်းကို မင်းသိသလောက်ပြောစမ်း”

“ဒီညနေက မအေးမြင့်နဲ့ အချိန်းအချက် ရှိလို့ ကျွန်တော် သူတို့အိမ်သွားရော”

“တိတ်တိတ်သွားတာလား”

“ဟုတ်တယ်၊ ကျွန်တော့်ဖေဖေမသိအောင် ကျွန်တော်တိတ်တိတ်သွားခဲ့ပါတယ်၊ သွားတော့ ဖေဖေက ဟဲ့...အကောင် ဘယ်သွားမလို့တုံးမေးတော့၊ ကျွန်တော်က ဖေဖေ့ကိုကြောက်လို့ လိမ်ပြီး လှအောင်နဲ့ အလည်သွားမယ်လို့ပြော လိုက်မိတယ်”

“သွားတော့ မအေးမြင့်တို့အိမ်သွားတယ်ပေါ့”

“ဟုတ်တယ်”

“ပြောပါဦး”

“အိမ်ရောက်တော့ မအေးမြင့်က မောင်ဘထွန်းရှိနေလို့ ကျွန်တော့်ကိုလက်မခံဘူး၊ နောက်တစ်ညမှလာပါ။ ဒီကနေ့ည ပြန်ပါဦးတဲ့ပြောလို့ ကျွန်တော်လည်း သူ့ဖေဖေပြဖို့ ယူလာတဲ့သေနတ်ကို ပေးထားခဲ့ပြီး ထွက်လာခဲ့တယ်”

“မောင်မင်းနဲ့မအေးမြင့်က ဘယ်လိုလဲ”

“ကျွန်တော်ကတော့ ရိုးရိုးသားသား ပါပဲ စုံမက်လို့ကြံစည်တာပဲ၊ သူ့ကိုလည်း ကျွန်တော်ပြောပြပါတယ်၊ ဖေဖေတို့၊ မေမေတို့ကတော့ သဘောမတူပေဘူး၊ သို့သော်လည်း ကိုယ့်ကိုယ်ကိုယ်ပိုင်တဲ့အခါကျတော့မှ တောင်းရမ်းပြီးယူမယ်လို့ပြောပြီး စောင့်ပါဦးခိုင်းတယ်”

“ဒီညကအကြောင်း ပြောစမ်းပါဦး”

“ဒါနဲ့ မအေးမြင့်က ပြန်ပါဦးဆိုလို့ သေနတ်ပေးပြန်လာပြီး ခပ်လှမ်းလှမ်းက ချောင်းနေလို့ နာရီဝက်လောက်ကြာတော့ မအေးမြင့်တို့အိမ်ဆီက သေနတ်သံကြားတယ်၊ သေနတ်သံလည်းကြားရော လှအောင်လည်း အိမ်ဆီကိုပြေးသွားတာ ကျွန်တော်မြင်လိုက်ရတယ်၊ ဒီသေနတ်သံနဲ့ပဲ ဦးဘသာသေပါတယ်”

“လှအောင်က ပစ်နိုင်သလား ဒီသေနတ်ကို”

“လှအောင်တော့ ဘယ်နည်းနဲ့မှမဟုတ်နိုင်ဘူး၊ သူနဲ့ ဒီအိမ်နဲ့ အဝေးကြီးပဲ၊ အသံကြားတော့မှ သူပြေးသွားတာ ကျွန်တော်မြင်လိုက်ပါတယ်၊ လှအောင်လည်း ပြေးသွားလို့ ခဏနေရော မောင်ဘထွန်းဆိုတဲ့လူလည်း မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနဲ့ ကျွန်တော့်အနားကဖြတ်ပြီး စက်ဘီးနဲ့စီးထွက်သွားတာ ကျွန်တော်မြင်လိုက်ရတယ်”

“မင်း သူ့နောက်လိုက်သေးလား”

“မလိုက်ဘူး၊ ဒါနဲ့ ကျွန်တော်က ဘယ်အကြောင်းပါလိမ့်လို့ မအေးမြင့်တို့အိမ်သွားမေးမလို့ အိမ်ထဲလည်းဝင်လိုက်ရော၊ ဦးဘသာအလောင်းလည်း ကျွန်တော်မြင်ရော၊ အနားကလည်း ကျွန်တော့်သေနတ်ကျလို့” ဟု အစစ်ခံသောအခါ။

နားထောင်လာသူ ပရိသတ်တို့သည် ဟုတ်တန်ရာ၊ မဟုတ်တန်ရာ စသည်ဖြင့် ဆင်ခြင်၍ တီးတိုးစကားပြောကြလေ၏။

ထို့နောက် ရှေ့နေကြီးက-

“အိမ်ထဲမှာ ဘယ်သူမှမရှိဘူးလား”

“တစ်ယောက်မှမရှိဘူး၊ ဒါနဲ့ကျွန်တော်လည်း ကျွန်တော့်သေနတ်တွေ့မှာဆိုးလို့ ယူပြီးပြေးမယ်လို့အလုပ် တစ်ယောက်က ကျွန်တော့်နာမည်ခေါ်လိုက်လို့ လန့်ပြီး သေနတ်ကိုပစ်ချခဲ့ပြီး ထွက်ပြေးခဲ့တယ်”

“ဒါနဲ့ ကျွန်တော်ပြေးသွားလို့ တော်တော်ရောက်တော့ လှအောင်နဲ့တွေ့ရော၊ တွေ့တော့ ကျွန်တော်က သေနတ်သံကြားကြားချင်း အိမ်ဆီကို ပြေးသွားတာမြင်လိုက်လို့ မောင်ဘထွန်းကို သူလည်းမြင်လိုက်မယ်မှတ်လို့ မေးကြည့်တော့ သူက မမြင်ဘူးတဲ့ပြောတယ်၊ ကျွန်တော် သူ့ယုံတာနဲ့ ထပ်မမေးဘူး၊ သွားရော”

“တစ်ခါတည်းထွက်ပြေးသလား”

“မပြေးသေးဘူး၊ ကျွန်တော့်ကို စွပ်စွဲလိမ့်မယ်ထင်တာနဲ့ ရှောင်နေပြီး သတင်း

“လှအောင်က ပစ်နိုင်သလား ဒီသေနတ်ကို”

“လှအောင်တော့ ဘယ်နည်းနဲ့မှမဟုတ်နိုင်ဘူး၊ သူနဲ့ ဒီအိမ်နဲ့ အဝေးကြီးပဲ၊ အသံကြားတော့မှ သူပြေးသွားတာ ကျွန်တော်မြင်လိုက်ပါတယ်၊ လှအောင်လည်း ပြေးသွားလို့ ခဏနေရော မောင်ဘထွန်းဆိုတဲ့လူလည်း မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူးနဲ့ ကျွန်တော့်အနားကဖြတ်ပြီး စက်ဘီးနဲ့စီးထွက်သွားတာ ကျွန်တော်မြင်လိုက်ရ. . .”

“ဘာဖြစ်လို့ မောင်မင်း ဒီလိုလုပ်ရသလဲ”

“ဘာဖြစ်လို့လဲ ကျွန်တော်ကောင်းကောင်းမပြောတတ်ဘူး၊ ကြောက်လွန်းလို့ လုပ်မိတာပဲ၊ အလောင်းနားမှာ ကျွန်တော့်သေနတ်ကိုတွေ့ရင် ကျွန်တော် သတ်တယ်ထင်မှာစိုးလို့ ယူပြေးမယ်လို့ အလုပ်မှာ တစ်ယောက်က ခေါ်သံကြားတော့လည်း ကြောက်အားကြီးလို့ ပြန်ချခဲ့မိတာပဲ၊ ကျွန်တော် ကြောက်တတ်အားကြီးတဲ့အတွက် ဒီလိုစွပ်စွဲခြင်းခံရတာပဲ”

“အင်း...ပြောပါဦး ရှေ့ကို”

နားထောင်တော့ ကျွန်တော်သတ်ကြောင်း အားလုံးက သဘောရတယ်ကြားတော့မှ ကျွန်တော်လည်း အဝေးထွက်ပြေးတယ်”

“ဒီဟာ မောင်မင်းသိတဲ့အတိုင်း အမှန်ပဲလား”

“အမှန်ပါပဲ” ဟု ပြောလျှင် မောင်သက်ညွန့်၏ဘက်မှ ရှေ့နေတို့သည် အနည်းနည်းကြံဖန်ဖောက်ထွင်း၍ မေးကြလေ၏။ သို့ပါသော်လည်း မောင်ဘချိုမှာ ပထမထွက်သည့်စကားနှင့် ညီညွတ်အောင်သာလျှင် ထွက်ဆိုလေ၏။

ဆက်လက်ဖော်ပြပါမည်။

သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး



လားရှိုး စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် (Kaeru Caravan)ကို စက်တင်ဘာလ ၁၈ ရက်က မြန်မာခါးရိုးရပ်ကွက်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင်များက လားရှိုးမြို့ မြန်မာခါးရိုးရပ်ကွက်ရှိ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် သဘာဝဘေးဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ရန်ကုန်ဈေးကွက်၏ဝယ်လိုအားကြောင့် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ထွက် ငါးမုတ်များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ လက်ရှိအချိန်ထိ ငါးမုတ်များဝယ်လိုအားကောင်းပြီး ပိသာအများအပြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါငါးမုတ်များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

“ဒေသထွက်ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ရောင်းအားကောင်းနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ငါးမုတ်ပိသာ ၅၀၀၀ လောက် အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းလာတာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ငါးတွေကလည်း လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့မှုအားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်လုပ်ကိုင်သူတွေ အဆင်ပြေလာတယ်။ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်” ဟု ဒေါ်ခင်ခင်ကပြောသည်။

ညောင်တုန်းမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူ၍ စနစ်တကျဆေးကြောသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် တခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)



⇨ **ရှေ့ဖုံးမှအဆက်**

ချင်းကျိုးမြို့ရှိကုန်တင်သင်္ဘောများဖြတ်သန်းသွားလာရေးအတွက် ပင်လယ်မှမြစ်သို့ တိုက်ရိုက်ဆက်သွယ်ထားသည့်ဖျင်လုတူးမြောင်း၏မာတောက်(Madao) ဆုံမှတ်ကို သွားရောက်ကြည့်ရှုရာ ချင်းကျိုးဒေသခံပါတီနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဖျင်လုတူးမြောင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရရှိသည့်အကျိုးကျေးဇူးများနှင့်ဖြတ်သန်းသွားလာခွင့်ပြုနိုင်သည့် သင်္ဘောအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းကျိုးမြို့ရှိ ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ် သုံးကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို သွားရောက်ကြည့်ရှုလေ့လာရာ ဒေသခံအာဏာပိုင်နှင့် ဆိပ်ကမ်းတာဝန်ရှိသူများက ပြည်တွင်းပြည်ပသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှုအခြေအနေ၊ AI နည်းပညာအသုံးချ၍ ကုန်တင်ကုန်ချဆောင်ရွက်မှုအခြေအနေနှင့် ဒီဂျစ်တယ်နည်းပညာများ အပါအဝင် ထိပ်တန်းနည်းပညာဆိုင်ရာတီထွင်ဖန်တီးမှုများနှင့် အဆင့်မြင့်နည်းပညာဖြင့် ဒေသတွင်းချိတ်ဆက်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

စက်တင်ဘာလ ၁၇ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ လိယွမ်နိုင်ငံတကာကုန်ဖရင့်စင်တာ၌ ကွမ်ရီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးများ၊ ဆိပ်ကမ်းအုပ်ချုပ်ရေးမှူးများ၊ ကုန်သည်ကြီးများ၊ ကုန်ပို့ကုန်သွင်းလုပ်ငန်းရှင်များ၊ ကုန်ပို့ကုန်သွင်းကုမ္ပဏီများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရုရှားနိုင်ငံ၌ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်သို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တက်ရောက်



မော်စကို စက်တင်ဘာ ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ပြည်ပရွေးကောက်ပွဲစောင့်ကြည့်သူ ကိုယ်စားလှယ်အဖြစ်ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိဗဟို ရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိကျင်းပသည့် "လှိုင်းကြီးလေထန်ကာလများအတွင်းမှ ရွေးကောက်ပွဲများ" (Elections in Times of Turbulence) အမည်ဖြင့် ကျင်းပသော နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ကွန်ဖရင့်တွင်ရုရှားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova က ဒူးမားလွှတ်တော်အမတ်များ ရွေးချယ်မည့် ရွေးကောက်ပွဲအစီအစဉ်များနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို နိုင်ငံတကာမှစောင့်ကြည့်ရေး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များအား ရှင်းလင်းပြောကြားသည်။

ယခုရွေးကောက်ပွဲသို့နိုင်ငံပေါင်း ၁၃၃ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၁၁၂၆ ဦး တက်ရောက်ကြပြီး ရုရှိနိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် အတွေ့အကြုံများကို မျှဝေဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဗဟို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Zaryadye Moscow Concert Hall ခန်းမ၌ ဧည့်ခံဖျော်ဖြေသည့် ရုရှားရိုးရာအကပဒေသာနှင့် တေးဂီတများအား ကြည့်ရှုအားပေးခဲ့ပြီး Zaryadye Bar ၌ ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆေးရုံရှိ အရေးပေါ်ဌာန၊ ဓာတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်၊ သွေးလျှာဘဏ်၊ အရိုးဆောင်ဟတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း လျှပ်စစ်မီးကြိုးများ၊ Internet Fiber ကြိုးများ သွယ်တန်းထားရှိမှုကိုစနစ်တကျဖြစ်အောင်ဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း အန္တရာယ်ရှိသစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အဆောက်အအုံ မျက်နှာစာများ အမြင်တင့်တယ်လှပစေရေး ဆောင်ရွက်နေမှုတို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မင်းသူတို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



ဗဟုသုတတိုးပွားရရှိစေရေး လူငယ်ရေးရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၉

ကျောင်းသား၊ ကျောင်းသူများအသိပညာ ဗဟုသုတရရှိစေရေးအတွက် လူငယ်ရေးရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း အောင်တေဇန်းမဋ္ဌကျင်းပသည်။

ရှေးဦးစွာ အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်စိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြမြဝင်းက စာဖတ်ရှုနိုင်မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က လူငယ်နှင့်ပတ်ဝန်းကျင်အကြောင်း အသိပညာပေး ဟောပြောသည်။

ယင်းနောက် ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်ပိုစိုင်း၊ ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၉ ရက် တွင်ကျင်းပရာ ရှေးဦးစွာ သမိုင်းဝင် ဖောင်တော်ဦးစေတီတော်နှင့် စေတီတော်အတွင်းရှိ စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်သည်။

ထို့နောက် ဩဝါဒါစရိယဆရာ တော်ကြီးများအား အရာထမ်းဆွမ်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက် ကပ်လှူဒါန်းပြီး ပဋ္ဌမကျော်ခမ္မာ စရိယ တိုက်သစ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ထံမှ ဧည့်ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြ သည်။

ဆက်လက်၍ (၁၄၃) ကြိမ် မြောက် သမိုင်းဝင်ဖောင်တော်ဦး စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အား မိတ္ထီလာခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် ကော်မတီဝင် များ၊ တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကိုကျင်းပရာ ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ



ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့် အမှာစကားပြောကြားသည်။ ယင်း နောက် ယခင်နှစ် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွင် ဆုရရှိခဲ့ကြ သည့် ပြိုင်ပွဲဝင်လှေလှော်အသင်း များ၏ လက်ရည်စမ်းယှဉ်ပြိုင် လှော်ခတ်မှုကို တာဝန်ရှိသူများ၊ ဘုရားပွဲတော် လာရောက်ကြသူ များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြကြောင်း သိရ သည်။

(၆၀၂)

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွေ စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှဟဲယာရွာမကျေးရွာ အုပ်စု ဟဲယာရွာမကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံ ငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေ မှုကို စက်တင်ဘာလ ၁၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ဟဲယာရွာမကျေးရွာ၌ ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင် ခြင်း လုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေ ငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်သော ချည်ထည်လုပ် ငန်းများ ဆောင်ရွက်နေမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင် ဇော်လင်းက ချည်ထည်လုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေး ဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် များနှင့်တွေ့ဆုံကာ လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မိသားစုဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှုပရိဘောဂသင်တန်းဆင်း

မင်းဘူး စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်း များ ပိုမိုလုပ်ကိုင်နိုင်စေရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ကိုယ်တိုင်လုပ်ကိုင်နိုင်စေရန် ရည် ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှု ပရိဘောဂ သင်တန်းဆင်းပွဲအခမ်း အနားကို စက်တင်ဘာလ ၁၈ ရက် က ကန်ရေ-၁ ကျေးရွာ၌ ကျင်းပ သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော် ဝင်းမြင့်က အမှာစကားပြောကြား ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်သာ သာရည်က သင်တန်းသား၊ သင် တန်းသူများအနေဖြင့် အလုပ် အကိုင်အခွင့်အလမ်းများ ရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် စေရေးအတွက် သင်တန်းမှ စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးမှုများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြပြီး မိသားစု တစ်နိုင်တစ်ပိုင်မှသည် ဝင်ငွေတိုး ပွားစေရေးအတွက် စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ကြရန် ပြော ကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော် ဝင်းမြင့်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သာသာရည်နှင့် တာဝန်ရှိသူ များက သင်တန်းတွင်ထူးချွန် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆု များ ချီးမြှင့်ပေးအပ်ပြီး သင်တန်း ဆင်း သင်တန်းသား၊ သင်တန်း သူများအား ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ကြောင်း သိရ သည်။

ဇင်မာ

စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအသိပညာပေး


ညောင်လေးပင် စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေး ပင်မြို့နယ် စာရေးဆရာအသင်းမှ ကြီးမှူး၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၁၈ ရက်က ညောင်လေးပင်မြို့ စက်ရုံလမ်းရှိအခြေခံပညာအထက် တန်းကျောင်း (ခွဲ) ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမျိုး သားစာပေဆုခွဲ စာပေဗိမာန် စာပေဆုများရှင် ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)က တက်ခေတ်မှာပညာ ဆုတ်ခေတ် မှာဥစ္စာ၊ ဆရာမတေးရတု (ညောင်လေးပင်)က ကျောင်းသား နှင့်ပရဟိတ၊ မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးတင်စိုး၊ တင်စိုး- BFS/ မောင်ခွာညိုက အနာဂတ်ကိုထုဆစ်ခြင်းခေါင်းစဉ် တို့ဖြင့် အသီးသီးဟောပြောခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်စာရေးဆရာ အသင်းသို့ ရန်ပုံငွေများ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပြပွဲများကျင်းပ

ဝမ်းတွင်း စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ ဗဟလါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲနှင့်နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲများကို စက်တင်ဘာလ ၁၈ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာလင်းက ပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက် ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီ စာကုံးပြိုင်ပွဲကိုကျင်းပပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆု တံဆိပ်နှင့် အမှတ်တရလက်ဆောင်များကို ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး



ပြိုင်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသမီးရေးရာ အဖွဲ့၊ အခြေခံပညာအထက်တန်းကျောင်း (သဲတော) မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကာ ခင်းကျင်းပြသထား သောစာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၀၂)



မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းသို့ အလှူတော်ငွေပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်းသို့ အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း၊ ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋ္ဌကာသစ်ကျမ်းကြီးစာအုပ်များလှူဒါန်းခြင်းနှင့် လှည်းကူးမြို့နယ်သံဃနာယကအဖွဲ့ရုံးအဆောက်အအုံသစ်ဆောက်လုပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦးမဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီး ၂၇ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွှတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋ္ဌကာသစ်ကျမ်းကြီးစာအုပ်များကို လှူဒါန်းကြသည်။

ထို့အတူ အလှူရှင်များက မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းနှင့် လှည်းကူးမြို့နယ် မြို့နယ်သံဃနာယကရုံးသစ်အတွက် အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

ဥတ္တရသီရိမြို့နယ် ရုံးအမှတ် (၅၂) အနီး သီရိမဏ္ဍိုင်လမ်း(H-6)လမ်းမကြီးဘေးတွင် ကျောက်ကြီးစီ၍ ယာယီပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ရုံးအမှတ်(၅၂)အနီး သီရိမဏ္ဍိုင်လမ်း(H-6) လမ်းမကြီးဘေးတွင် ကျောက်ကြီးစီ၍ယာယီပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့အတူ ခုတင်-၅၀၀ မျက်စိ၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကု ဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ အရိုးရောဂါအထူးကု ဆေးရုံကြီးဘေးတွင် ရေမြောင်းပိတ်ဆို့နေမှုကို တူးဖော်ဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ခုတင်-၅၀၀ အရိုးအကြောအထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ခုတင်-၅၀၀ ကလေးအထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့်ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ ဆေးကုသရေးအဆောင်အသစ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးကုသမှု ခံယူနေသော ကလေးများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ခုတင်-၅၀၀ သားဖွားမီးယပ်အထူးကုဆေးရုံကြီးအတွင်း သန့်ရှင်းရေးနှင့်ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ ရွှေတောင်သီရိလမ်း (တောင်ခြေလမ်း) ဝဲ၊ ယာတစ်လျှောက်ရေဆင်းမြောင်းနှင့် လမ်းပိုင်းကြံခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



မော်လမြိုင် စက်တင်ဘာ ၁၉

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် ၈၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသူများကို အားဆေးများ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဆက်လက်၍ မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ပြီး ဆုရပြိုင်ပွဲဝင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြိုးနိုင်သည်။ **(မိုး/၉လ)**

(၁၉-၉-၂၀၂၆) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ဘားအံမြို့ဇွဲကပင်အားကစားကွင်း၌ ပွဲကြည့်စင်ပါ (Indoor Stadium) အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ပွဲကြည့်စင်ပါ (Indoor Stadium) အဆင့်မြင့် ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည် ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကိုယနေ့နံနက်ပိုင်းတွင်အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီညီသည် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားကွင်း၊ အားကစားရုံများ အရည်အသွေးပြည့်မီကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုကို မိမိတို့ဝန်ကြီးဌာနမှ ကြီးကြပ်စစ်ဆေးရေး ဘုတ်အဖွဲ့များဖွဲ့စည်း၍ ပေးပို့ထားသည့်မှတ်တမ်းများ၊ ဒီဇိုင်းပုံစံများနှင့် အရည်အသွေးများအတိုင်း ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးပြီး မှတ်တမ်းများ စနစ်တကျထားရှိဆောင်ရွက်၍ ပြန်လည်တင်ပြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကိုကြည့်ရှုစစ်ဆေးပြီးပြည်နယ်၊ခရိုင်၊မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်သွန် စသည့်စားသောက်ကုန်ပစ္စည်းများပေးအပ်သည်။

ထိုမှတစ်ဆင့် ဘားအံမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ YGN အားကစားရုံ၊ ဘားအံလူငယ်စင်တာနှင့် လှာကမြင်ကွက်သစ်ရှိ မိုးလုံလေလုံအားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြားကာ ကရင်ဇုန်၌ ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က)၏ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇွဲကပင်အားကစားကွင်းတွင်အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

ကျန်းမာရေးအတွက် တစ်နေ့တာ ဘဝနေထိုင်မှုပုံစံ

ကျန်းမာခြင်းမင်္ဂလာနှင့်ပြည့်စုံပါမှ ကိုယ်ရောစိတ်ပါ ချမ်းသာသော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ရခဲလှသောလူ့ဘဝတွင် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးနှင့်လျော်ညီသော ဘဝနေထိုင်မှုပုံစံကိုဖန်တီးကြရန် အထူးလိုအပ်သည်။

ရှေးယခင်က လူသားများကို ခြိမ်းခြောက်လျက်ရှိသော ရောဂါအများစုမှာ ကူးစက်တတ်သောရောဂါများဖြစ်ကြပြီး ယနေ့ခေတ်တွင် မကူးစက်တတ်သောရောဂါများက ပို၍ဒုက္ခပေးလျက်ရှိသည်။ ယင်းရောဂါများတွင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများ ပါဝင်နေကြပြီး ကလေးများလည်း ဆီးချိုရောဂါဖြစ်လာကြသည်။ ထိုရောဂါကြီးသုံးမျိုးက တစ်မျိုးနှင့်တစ်မျိုးဆက်နွယ်နေပြီး နောက်ဆက်တွဲအဖြစ် လေငန်းရောဂါဖြစ်လာနိုင်ခြေပိုများသည်။ ယနေ့ခေတ်လူများ ရှေးယခင်နှင့် မတူဘဲ ကိုယ်ပိုင်အားလပ်ချိန်နည်းပါးလာကာ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းနှင့်အတူ နေထိုင်စားသောက်မှုပုံစံများ ယိုယွင်းလာခြင်းကြောင့် ရောဂါများဖြစ်လာရသည်။ ထို့ကြောင့် သက်တမ်းစေ့နေနိုင်ရေး နိစ္စမူဝလူနေမှုဘဝပုံစံပြောင်းလဲရန်လိုသည်။

လူတစ်ဦး အကောင်းဆုံးအိပ်ရာဝင်ချိန်သည် ည ၁၀ နာရီဖြစ်ပြီး နံနက် ၆ နာရီခန့်က နိုးထချိန်ဖြစ်သည်။ အိပ်ပျက်ညများစွာ တွေ့ကြုံရသူအတွက် ရေရှည်တွင် ကျန်းမာရေးထိခိုက်လာနိုင်သည်။ ကွန်ပျူတာ၊ စမတ်ဖုန်း စသည့်အီလက်ထရောနစ်နည်းပညာများ တစ်နေ့တခြား တိုးတက်ခေတ်မီလာသည်နှင့်အမျှ စွဲစွဲမြဲမြဲသုံးလာကြသည်။ ခေတ်ရေစီးကြောင်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် အိပ်ရာဝင်ချိန်နောက်ကျလာကြရာ လူအများစုက မိမိကိုယ်ကို အိပ်ရေးမဝဟု ခံစားကြရသည်။

နှလုံးရောဂါ၊ ကင်ဆာနှင့် ခန္ဓာကိုယ်မသန်စွမ်းမှုတို့က အိပ်ရေးမဝခြင်းနှင့်ပတ်သက်နေသကဲ့သို့ အိပ်ချိန်အလွန်နည်းခြင်း၊ အိပ်ချိန်အလွန်များခြင်းကလည်း ကျန်းမာရေးဆိုးကျိုးနှင့် ဆက်နွယ်နေသည်။ သက်ရှည်ကျန်းမာစေရန် ညအိပ်ရာဝင်ချိန်ကို ကောင်းစွာစီမံခန့်ခွဲတတ်ရမည်။ အိပ်ရေးမဝ၍ ခေါင်းမကြည်လင်၊ ခေါင်းမကြည်၍ စိတ်မရွှင်၊ စိတ်တိုစိတ်ဆတ်လာကာ အာရုံစူးစိုက်မရတော့ဘဲ ကျောင်းနေအရွယ် လူငယ်များ စာနောက်ကျ၊ လုပ်ငန်းခွင်ဝင်သူများ အလုပ်ခွင်ခရီးမတွင်၊ မိသားစု၊ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးတွင်လည်း အနုတ်လက္ခဏာ ပြလာသည်။ ယင်းအတွက် မိမိကိုယ်တိုင် အိပ်ရာဝင်ချိန်ကို အလေးထားသင့်သကဲ့သို့ မိသားစုကိုလည်း ညအိပ်ရာဝင်ချိန် နောက်မကျရန် တိုက်တွန်းပေးရမည်။

နာရီနှိုးစက်အသံကို မိမိအကြိုက်နှစ်သက်ဆုံးသီချင်း၊ ဂီတသံစဉ်ဖြင့် Alarm ပေးထားခြင်းဖြင့် မင်္ဂလာရှိသောနံနက်ခင်းကို အစပြုသင့်သည်။ တစ်ညတာလုံး ငြိမ်သက်နေသော ခန္ဓာကိုယ်တွင်းကလီစာများကို ပြန်လည်တက်ကြွလာအောင် လှုံ့ဆော်သည့်အနေဖြင့် နံနက်အိပ်ရာထချိန် ရေနှစ်ခွက်ဆက်တိုက်သောက်ပါ။ အရွယ်ရောက်ပြီးသူ တစ်ဦးသည် နေ့စဉ် သောက်ရသင့်၊ ရှစ်ဖန်ခွက်ထက်မနည်းသောက် ရမည်။

ခန္ဓာကိုယ်တွင်းရှိအခိုးများ အထက်သို့ဆန်မတက်စေရန် မျက်နှာမသစ်မီ ဦးစွာ ဒူးနှစ်ဖက်၏အထက်မှ ရေသုံးခွက်စီလောင်းပါ။ မျက်နှာသစ်နေစဉ် ပါးစပ်ထဲသို့ ရေလုံးဝမဝင်အောင် ပါးစပ်ကို တင်းတင်းစေ့ထားပါ။ ပြီးမှသွားတိုက်ပါ။ မျက်နှာမသစ်မီ ဦးစွာ လက်ကိုစင်ကြယ်အောင်ဆေးပါ။ မျက်နှာသစ်ဆပ်ပြာ ရွေးချယ်မှုမှန်ကန်ပါစေ။ ပူလွန်း၊ အေးလွန်းသောရေက အသားအရေခြောက်သွေ့တတ်သည်။ တစ်နေ့နှစ်ကြိမ် မျက်နှာသစ်ပါ။

သွားနှင့်ခံတွင်းသန့်ရှင်းရန် တစ်နေ့နှစ်ကြိမ် သွားတိုက်ကြသော်လည်း စနစ်တကျပြုလုပ်တတ်ရန်လိုသည်။ သွားတိုက်တံကို သန့်စင်ခန်းနှင့် ၆ ပေအတွင်းသိမ်းထားခြင်း၊ ပလတ်စတစ်ဘူးထဲ သိမ်းထားခြင်း၊ ခံတွင်းသန့်ဆေး မှားသုံးမိခြင်း၊ နည်းမှန်လမ်းမှန် သွားမတိုက်ခြင်း စသည်တို့က သွားနှင့်ခံတွင်းကို ထိခိုက်စေသည်။ ဆား၊ တမာ၊ ကျောက်မီးသွေး၊ ဖလူအိုရိုက်(ဒ်) ဖြည်ပေါင်းပါဝင်သော သွားတိုက်ဆေးသုံးခြင်း၊ သွားပွတ်ကြိုးသုံးခြင်း၊ လျှာခြစ်တံသုံးခြင်း၊ သွားတိုက်တံအနုသုံးခြင်း၊ ခြောက်လတစ်ကြိမ် သွားနှင့်ခံတွင်း ပုံမှန်စစ်ဆေးခြင်းက ကျန်းမာရေးအတွက် မှန်ကန်သောဘဝနေထိုင်မှုပုံစံဖြစ်သည်။

အားကစားလေ့ကျင့်နည်းအမျိုးမျိုးရှိရာ ၎င်းတို့အနက် လမ်းလျှောက်ခြင်းက အရွယ်သုံးပါးမရွေး၊ ရာသီဥတုမရွေးပြုလုပ်နိုင်ပြီး ငွေကုန်ကြေးကျမရှိ၊ ကရိကထမများသည့်အပြင် အလွယ်ကူဆုံးဖြစ်၍ မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းများနှင့်ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာပြုလုပ်နိုင်သည်။ ထိုအခါ နှလုံးအားကောင်းခြင်း၊ သွေးတိုးနှင့်လေငန်းရောဂါဖြစ်ခြင်းမှ ကာကွယ်ခြင်း၊ ဆီးချိုရောဂါကို တားဆီးပေးခြင်း၊ ကြွက်သားများကျစ်လျစ်ခြင်း၊ ဦးနှောက်ကိုကောင်းကျိုးပြုခြင်း၊ အရိုးပွရောဂါမဖြစ်ခြင်း၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်ခြင်း၊ ဗီတာမင် –D ရရှိခြင်း၊ လန်းဆန်းပေါ့ပါးကာ စိတ်ဖိစီးမှုပြေပျောက်ခြင်း စသည့်ကောင်းကျိုးများစွာရနိုင်သည်။

လေ့ကျင့်ခန်းလုပ်ပြီးနောက် ရေအေးနှင့် ရေချိုးခြင်းက ဇီဝပြောင်းလဲကာ ကယ်လိုရီအများအပြားလောင်ကျွမ်းသွားပြီး ကိုယ်အလေးချိန်ကျစေသည်။ ရေမချိုးမီ ရေတစ်ခွက်သောက်ပါ။ ရေချိုးရာတွင် ဦးစွာ ဒူးနှစ်ဖက်၏အထက်မှ ရေသုံးခွက်စီလောင်းပြီး ပေါင်ရင်း၊ ခါးအထက်ပိုင်း၊ ပခုံး စသည်ဖြင့် အောက်မှအပေါ်သို့ ဘယ်၊ ညာ ရေ သုံးခွက်စီလောင်းပါ။ ပြီးမှမျက်နှာသစ်ပါ။ အားကစားမလုပ်သူများ နံနက်အိပ်ရာထချိန် ကိုယ်လက်တောင့်တင်းနေပါက ရေနွေးဖြင့် ရေချိုးခြင်းက သွေးလည်ပတ်မှုကောင်းစေသည့်အပြင် ကြွက်သားနာကျင်မှုများကိုလည်း လျော့နည်းစေသည်။

နံနက်စာတွင် ဗီတာမင်နှင့် သတ္တုဓာတ်များ အစုံပါအောင် စားပေးရမည်။ ပဲပြုတ်ဆီဆမ်း၊ ပဲပြုတ်ထမင်းကြော်၊ ပဲပြုတ်နံပြား၊ ထမင်းနှင့် ဟင်း၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နို့စိမ်းခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ ဆန်စီး၊ မြီးရှေ့ တိုဟူးနွေး၊ အညိုရောင်ကွေကာအုပ်(အကြမ်း)၊ သဘော်သီးမှည့်တို့သည် ကျန်းမာရေးအတွက် အကောင်းဆုံးနံနက်စာများဖြစ်ကြသည်။ နှလုံးအားနည်းသူများနှင့် လေနာရောဂါရှိသူများက နံနက်အိပ်ရာထထချင်း ကော်ဖီ၊ လက်ဖက်ရည်မသောက်သင့်ပေ။ နံနက်အိပ်ရာထပြီးနောက် တစ်နာရီခန့်အကြာသည် ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်သည်။

မည်မျှပင်အလုပ်များပါစေ နေ့လယ်စာကို အချိန်မှန်စားပါ။ မြန်မာလူမျိုးတို့၏ အဓိကအစားအစာသည် ထမင်းဖြစ်သည်။ ဟင်းနုနယ်၊ ကိုက်လန်၊ မုန်ညင်းစိမ်း၊ ကန်စွန်းရွက်၊ ပဲသီး၊ ပန်းဂရုတ်ပွ၊ ဂေါ်ဖီထုပ် စသည့်စိမ်းရောင်ခြယ် ဟင်းသီးဟင်းရွက်များ၊ အရေခွံခွာထားသော ကြက်သား၊ အဆီမပါသော အနီရောင်အသားများ၊ ပင်လယ်ငါးများ၊ ကြက်ဥ၊ ပဲစေ့အမျိုးမျိုးတို့သည် လူကိုခွန်အားဖြစ်စေသောအစားအစာများဖြစ်ကြသည်။

ညနေခင်းသရေစာအဖြစ် ဗာဒံစေ့၊ သစ်အယ်သီး၊ မြေပဲ၊ ကွာစီ၊ ဖရုံစေ့၊ သစ်ကြားသီး၊ သီဟိုဠ်စေ့ စသည့်အခွံမာသီးအစေ့အဆန်များ၊ ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ်၊ ပေါင်မုန့်ညှပ်၊ ပန်းသီး၊ ငှက်ပျောသီး၊ သံပရာရည်၊ ဖရဲသီး၊ ဘယ်ရီသီးများ၊ ဒိန်ချဉ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥပြုတ် စားခြင်းက အဆာလည်းပြေ၊ အာဟာရလည်း ဖြစ်စေသည်။

နံနက်ပိုင်း အချိန်ပေး၍ လေ့ကျင့်ခန်းမလုပ်နိုင်သူများအတွက် ညနေခင်းတွင် လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး စသည့်ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ပေးသင့်သည်။ အလုပ်ထဲတွင် အထိုင်များသောသူများ အားလပ်ချိန်တွင် လှုပ်လှုပ်ရှားရှားပိုလုပ်ပါ။ မိမိတစ်နေ့တာ လုပ်ကိုင်သွားလာလှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းဆန်ဆန် သွက်သွက်လျှောက်ခြင်း၊ စက်လှေကား၊ ဓာတ်လှေကားမစီးဘဲ ရိုးရိုးလှေကားကိုသာ သုံးစွဲခြင်း၊ ဘတ်စကားမှတ်တိုင် သုံးမှတ်တိုင်ခန့် ကြိုတင်ဆင်း၍ လမ်းလျှောက်ခြင်း၊ သူတစ်ပါးကို နှုတ်ဖြင့်စေခိုင်းခြင်းထက် မိမိကိုယ်တိုင်လုပ်ခြင်း စသည်ဖြင့်ပြုမူပါ။

ညစာတွင် ဆီကြော်နှင့် ဟင်းအဆီအနှစ်များကိုရှောင်ပါ။ ချဉ်ဖတ်၊ ဟင်းရွက်စုံသုပ်၊ ကြက်သွန်နီများများပါသော အသုပ်ဟင်းလျာ၊ ခါးသော အသီးအရွက်နှင့် ငရုတ်ကောင်းပါသော ဟင်းခါးပူပူက ညစာအဖြစ် အထူးသင့်လျော်သည်။ ကိုယ်အလေးချိန် အထူးထိန်းလိုသူများ ညစာတွင် အသားလျှော့၍ အသီးအရွက်ပိုစားပါ။ ဝိတ်ချလိုသူများ ဆီနှင့်ထမင်းကိုလျှော့၍ အရည်ရွှမ်းသောသစ်သီးစားပါ။

အချုပ်အားဖြင့်ဆိုရသော် နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများကို လိုက်နာမှသာ ရောဂါဘယကင်းဝေးကာ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ သက်သာလာစေမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်မှသည် မိသားစုတစ်စု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်ဆွေအပေါင်းအသင်းများသာမက နိုင်ငံတစ်နိုင်ငံမှသည် ကမ္ဘာတစ်ဝန်းလုံး ကျန်းမာပျော်ရွှင်နိုင်ကြပါစေကြောင်းဆန္ဒပြုရင်း ရေးသားလိုက်ရပါသည်။ ။

ပေါက်ပေါက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ဝါးခယ်မ စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သဲကုန်းကျေးရွာအုပ်စု ငှက်ပျောစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငှက်ပျောစုကျေးရွာတွင်းလမ်း အရှည် ၆၆၅ ပေ၊ အကျယ် ၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား စံချိန်စံညွှန်းပြည့်မီစွာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးအောင် စနစ်တကျဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပုံပိုးငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅၉ သိန်း စုစုပေါင်းငွေကျပ် ၂၀၉ သိန်းဖြင့် ဌာနမှဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများ ဆောင်ရွက်ရာတွင် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အထွေး**



❑ ရှေ့ဖုံးမှအဆက်

ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ နောက်၄၈ နာရီအတွင်း ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ လည်းကောင်း၊ နောက်၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက် – အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၉၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် တောင်ပိုင်း–အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

လေဖိအားနည်းရပ်ဝန်း(Low Pressure Area)၏ အရှိန်ကြောင့် ယနေ့ည‌နေမှ စက်တင်ဘာလ ၂၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ချစ်သောတို့မြန်မာပြည်

♦ တို့မြန်မာပြည် တည်ပန္နက်
ချစ်လျက်ပါ့ တစ်သက်လျာ။
ပြည့်ရင်ခွင် ထာဝရ
နားခိုကြတာ။
နေထိုင်ကြ ဖြူစင်စွာ
တူယှဉ်ကာ လက်တွဲ။
ကွန်းရိပ်မြို့ ဝေစည်မွေးတယ်
အေးရိပ်သာပဲ။

♦ မေတ္တာယှဉ် အရွှေ့ကမ်းဆီသို့
တက်လှမ်းလို့ ချီကြမည်။
အကြင်နာရင်ခွင် တိုင်းပြည့်အား
ကြီးမားလို့ညီ။
သစ္စာပွင့်စီရရီ
ခိုင်မာသည် အဆင့်ဆင့်။
ကရုဏာ သင်းကြိုင်လန်းတယ်
ချစ်ပန်းကြိုင်ပွင့်။

♦ ခရီးကြမ်း ရင်ဆိုင်ရဲ
ယှဉ်ပြိုင်နွဲ့ ရှေ့သို့ချီ။
တက်ကြွညီ ပြည်ထောင်သားတို့
စွမ်းအားပြည့်ပြီ။
စည်းလုံးခြင်း ကဗျာသီ
ဖြူစင်ကြည် ကွန်းရိပ်အေး။
မေတ္တာ ကရုဏာအသိနဲ့
မုဒိတာမွေး။

♦ တည်ငြိမ်စွာ အေးချမ်းမှု
ရွက်ဆောင်ပြု ထာဝစဉ်။
အသိမှန် အမြင်ရှင်းလို့
ကောင်းခြင်းစုံလင်။
မြန်ပြည်တိုင်း လျှမ်းဂုဏ်အင်
ပန်းစုံလင် ကြည်ပြာလွဲ့။
ပြည့်သား လူညီမြွတို့
ပြည့်သမီး မူပိုလှတို့
ကျရာဝန် ကျေပွန်ထမ်းတယ်
(ကွယ်–––––)
ရွှင်လန်းစာဖွဲ့။ ။

ချမ်းမြဆောင်း(ကလော)

နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကြုံပစ္စည်းများသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သတိပြုရန် သံရုံးအသိပေး

ရန်ကုန် စက်တင်ဘာ ၁၉

နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကြုံပစ္စည်းများသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သတိပြုရန် စက်တင်ဘာလ ၁၈ ရက်တွင် ခတ္တမန္တ‌ုမြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်ထားသည်။

နီပေါနိုင်ငံသို့ အလည်အပတ်ခရီး၊ ပစ္စည်းသယ်ယူပို့ဆောင်သည့် လုပ်ငန်း သို့မဟုတ် အလုပ်အကိုင်ရှာဖွေရန် စသည့်အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနက် အချို့သည်မသမာသူများက ရည်ရွယ်ချက်ရှိရှိထည့်ပေးလိုက်သည့် လူကြုံပစ္စည်းများအတွင်း တရားမဝင်ပစ္စည်းများ(ဥပမာ–ဆေးခြောက်များ)ကို သယ်ဆောင်လာသဖြင့် ခတ္တမန္တ‌ုမြို့ Tribhuvan International Airport တွင် မူးယစ်ဆေးဝါး သယ်ဆောင်မှုဖြင့် မြန်မာနိုင်ငံသားအချို့ ဖမ်းဆီးခံရသည့်ဖြစ်စဉ်များ ယခုရက်ပိုင်းတွင် ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ပါ၍ နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် အလားတူဖြစ်စဉ်များထပ်မံမပေါ်ပေါက်စေရေး သတိပြုဆင်ခြင်၍ ခရီးသွားလာနိုင်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ **MT**

ရေဆင်း - ၁၅ ပဲပုပ်မျိုး ကွင်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တပ်ကုန်းစိုက်ပျိုးရေးသုတေသန‌ခြံ၌ ရေဆင်း–၁၅ ပဲပုပ်မျိုးကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

ပဲပုပ်သီးနှံသည် ပရိုတင်းဓာတ်ကြွယ်ဝသည့်အပြင် မြေဆီလွှာကို



ပြန်လည်ကောင်းမွန်စေသည့် သီးနှံဖြစ်သဖြင့် သီးထပ်စိုက်ပျိုးရန်အလွန်သင့်လျော်ပါကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် မွေးမြူရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ်အား ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်ရန် ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပဲပုပ်မျိုးကောင်းမျိုးသန့်များ ဒေသတွင်းတောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ပဲမျိုးစုံသီးနှံသုတေသနဌာနစု) အပါအဝင် ပဲပုပ်စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် တပ်ကုန်း၊ စီပင်စသည့်သုတေသန‌ခြံများနှင့် မဲခေါင်–လန်ချန်း အစီအစဉ်မှ တောင်သူစိုက်ခင်းများတွင် ရေဆင်း–၁၅ ပဲပုပ်မျိုးကို မျိုးစေ့ပွားများ၍ ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနပညာရှင်များ၊ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရမည်းသင်းမြို့နှင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများတက်ရောက်ကြပြီး ရေဆင်း–၁၅ ပဲပုပ်မျိုး စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် သီးနှံဖြစ်ထွန်းအောင်မြင်နေမှုများအပေါ် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များနှင့် သုတေသနဆိုင်ရာ အချက်အလက်များကို အသေးစိတ် ပြန်လည် ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

ကျောက်ဆည်မြို့၌ အသိပညာပေးဟောပြော

ကျောက်ဆည် စက်တင်ဘာ ၁၉

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဦးဆောင်မှုဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်နှင်းယုသင်းက အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းကို ဟောပြောသည်။

ထို့နောက် ကျောက်ဆည်မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ် ဖြိုးဇာခြည်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဆရာမ ဒေါ်နှင်းနှင်းသူက HIV/AIDS ရောဂါများအကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

MWD Variety Channel

၂၀-၉-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ဝဂ္ဂ:၂၅ မှတ်သားလေ့လာ အိမ်မွေးမှုပညာ
၂။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၃။ ၁၆:၂၀ သုတေသနမှသည်...သမိုင်းမှတ်တိုင်ဆီသို့
၄။ ၁၇:၅၀ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို စက်တင်ဘာလ ၁၈ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒဂုံ(မြောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးသန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ယင်းနောက် အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ပြီး လူငယ်စကားဝိုင်းတွင် ဆွေးနွေးပေးသော ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဂိမ်းပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှုနိုင်မြှင့်မားလာစေရန်နှင့် အသိပညာ ဗဟုသုတရရှိစေရန် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မြင့်မြင့်ရီ**



ဘောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနေကြာမျိုးစေ့ပေးအပ်



ဧလွန် စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဧလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မိုးစပါးစိုက်တောင်သူများအား ဒုတိယအကြိမ် MPE ယူရီးယား ဓာတ်မြေဩဇာနှင့် ဆောင်းနေကြာမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၉ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက ယူရီးယားဓာတ်မြေဩဇာများကို သဘာဝမြေဩဇာသုံးဆနှင့် မဖြစ်မနေရောစပ်သုံးသင့်ကြောင်း၊ ဆောင်းနေကြာသီးနှံများ အစေ့အဆန်အောင်မြင်ရေးအတွက် မြေခံမြေဩဇာထည့်သွင်းခြင်းနှင့် ဓာတ်မြေဩဇာဖြန့်ဖြူးရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ယင်းနောက် တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူများအား MPE ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနေကြာမျိုးစေ့များ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် FEI 1* Endurance Qualification (60 km) ၆၀ ကီလိုမီတာခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မြို့ပတ်လမ်းရှိ နေပြည်တော်မြင်းစီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Technical Briefing နှင့် Endurance အားကစားနည်းစနစ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းကို အောက်တိုဘာလ ၃၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ M Gallery Nay Pyi Taw Hotel ၌ ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်သို့ အောက်တိုဘာလ ၁၄ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားသမားများနှင့် မြင်းများသည် အောက်တိုဘာလ ၂၅ ရက်တွင် ရောက်ရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မြင်းများအား အမြန်လမ်းမကြီးမှ သယ်ယူခွင့်ရရှိရန် အတွက် သယ်ယူလိုသည့်ရက် မတိုင်မီ အနည်းဆုံး ၁၀ ရက် ကြိုတင်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ရုံးအဖွဲ့မှူးထံ လိုအပ်သောအချက်အလက်များနှင့်တကွ ပေးပို့နိုင်ကြောင်းနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးဌေးကျော် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၉-၇၉၄၀၁၅၂ နှင့် ဒေါက်တာစိုးထွန်း (ရုံးအဖွဲ့မှူး) ဖုန်း-၀၉-၅၁၅၈၀၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။ **ဝန်းရံခ**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်

တောင်တွင်းကြီး စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၈ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် စိတ်ပါဝင်စားပြီး တက်ကြွလှုပ်ရှားမှုအားကောင်းသော တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၀ ဦး၏ အရည်အသွေးမြင့်မားစေရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာစိုးမိုးဝင်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

ချမ်းမြသာစည်မြို့နယ်၌ စာသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

မန္တလေး စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး စာသုံးသူရေးရာဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ စာသုံးသူကာကွယ်ရေး အသိပညာဗဟုသုတများရရှိစေရန်နှင့် ကျောင်းမုန့်ဈေးတန်းများ၌ စာသုံးရန်မသင့်သည့် စာသောက်ကုန်များ ရောင်းချမှုမရှိစေရန် ရည်ရွယ်၍ စာသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၁၉) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အမှတ်(၁၉) အခြေခံပညာအလယ်တန်းကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် စာသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ချစ်ကောင်းက စာသုံးသူကာကွယ်ရေးအခွင့်အရေးရှစ်ချက်အကြောင်း၊ စာသုံးသူများ၏ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် စာသုံးသူကာကွယ်ရေးအနေဖြင့် တိုင်ကြားနိုင်မည့် နည်းလမ်းခုနစ်ချက်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာသုံးသူများအနေဖြင့် စာသုံးသူကာကွယ်ရေးနှင့်ပတ်သက်ပြီး နစ်နာမှုရှိပါက စာသုံးသူ call center 1535 သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးသရုပ်ပြဆောင်ရွက်ခဲ့ပြီး ကျောင်းအတွင်း မုန့်ဈေးတန်းများကို ကြည့်ရှုစစ်ဆေးကာ ရောင်းချရန် မသင့်သည့်မုန့်များကို မရောင်းချရန် အသိပညာပေးပြောကြားကြောင်း သိရသည်။

အလင်းသစ်

အရန်သားဖွားဆရာမ(သစ်လွင်)သင်တန်း ပခုက္ကူမြို့နယ်၌ ဖွင့်လှစ်

ပခုက္ကူ စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အရန်သားဖွားဆရာမ(သစ်လွင်) သင်တန်းကို စက်တင်ဘာလ ၁၈ ရက်က ပခုက္ကူမြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသိန်းဇော်က အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် သားဖွားဆရာမများ လွှမ်းခြုံမှုအားနည်းသည့်ကျေးရွာများ၌ မိခင်နှင့်ကလေးမျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျွမ်းကျင်မှန်ကန်စွာ၊ ဘေးအန္တရာယ်ကင်းစွာ၊ ယုံကြည်စိတ်ချစွာဆောင်ရွက်နိုင်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် အရန်သားဖွားဆရာမ(သစ်လွင်)များ တက်ရောက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၁၇ ရက်အထိ စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ (Global Environment Outlook 7 (GEO-7)) တွေ့ရှိချက်များနှင့် အရေးကြီးသတင်းစကားများ


သစ်တောမောင်

သန်း မှ ၂၀၆၀ ပြည့်နှစ်တွင် မက်ထရစ်တန်ချိန် ၁၂၀၀ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကျန်းမာရေးနှင့်ဆက်စပ်သော စီးပွားရေးဆုံးရှုံးမှုများသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကျော် ရှိသည်။ ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ် လူသန်းပေါင်းများစွာသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ လေထုညစ်ညမ်းမှုဖြစ်သည်။ လေထုအရည်အသွေးအနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံသတ်မှတ်ချက်ဖြစ်သည့် 5μg/m³ ထက် ကျော်လွန်သောအမှုန်အမွှား ($PM_{2.5}$) များကို ထိတွေ့နေရသည်။ ၂၀၂၁ ခုနှစ်တွင် လေထုညစ်ညမ်းမှုကြောင့် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၈ ဒသမ ၁ သန်း သေဆုံးခဲ့သည်။ နှစ်စဉ်အစိုင်အခဲစွန့်ပစ်ပစ္စည်းများသည် လက်ရှိတွင် တန်ချိန် ၂ ဘီလီယံထက် ကျော်လွန်ပြီး ၂၀၅၀ ပြည့်နှစ်တွင် တန်ချိန် ၃ ဒသမ ၈ ဘီလီယံ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆီသို့ အသွင်ကူးပြောင်းခြင်း

GEO-7 အစီရင်ခံစာတွင် **"ကမ္ဘာ့ပတ်ဝန်းကျင် အနာဂတ်သည် ကြိုတင်သတ်မှတ်ထားသော ကံကြမ္မာမဟုတ်ဘဲ ယနေ့ ကျွန်ုပ်တို့ရွေးချယ်သည့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များအပေါ်မူတည်နေကြောင်း"၊ "လူသားတို့၏ အနာဂတ်သည် ယနေ့ ရွေးချယ်သော လုပ်ဆောင်ချက်များပေါ်တွင် မူတည်နေကြောင်း"** အရေးကြီးသတင်းစကားကို ကမ္ဘာ့ပြည်သူများထံ ပေးပို့ထားသည်။ GEO-7 အစီရင်ခံစာ၏ အရေးပါဆုံးတွေ့ရှိချက်တစ်ခုမှာ **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကုန်ကျစရိတ်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုဖြစ်သည်"** ဟူသောအချက်ဖြစ်သည်။ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်သို့အသွင်ကူးပြောင်းခြင်းအတွက် **စာမျက်နှာ ၁၂ သို့** ❖





ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာအစီရင်ခံစာ (GEO)

ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာအစီရင်ခံစာ (GEO) သည် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏အဓိက ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အကဲဖြတ်အစီရင်ခံစာတစ်ခုဖြစ်သည်။ သိပ္ပံနှင့်မူဝါဒအကြား ချိတ်ဆက်ပေးသည့် ယန္တရားတစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်အဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်အခြေအနေ၊ မူဝါဒများ၏ ထိရောက်မှုနှင့် အနာဂတ်အလားအလာများကို အကဲဖြတ်သည့် စနစ်အဖြစ်လည်းကောင်းရည်ရွယ်ပြီး ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အလားအလာအစီရင်ခံစာများ (GEO) ကို ပြုစုထုတ်ဝေခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ (GEO – 7) သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေကို သိပ္ပံနည်းကျအကဲဖြတ်တင်ပြလာခဲ့သောအရေးပါဆုံး ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတစ်ခုလည်းဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအတွက် သာမက စီးပွားရေးဖွံ့ဖြိုးမှု၊ စားရေရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခွဲခြား၍မရသော အရေးကိစ္စများဖြစ်ပါသည်။ **GEO–7** အစီရင်ခံစာ၏ အဓိကခေါင်းစဉ်သည် **"ကျွန်တော်တို့ ရွေးချယ်သော အနာဂတ်" (The Future We Choose)** ဖြစ်သည်။

ကမ္ဘာကြီး ရင်ဆိုင်နေရသော သုံးပွင့်ဆိုင်အကျပ်အတည်း (Triple Planetary Crisis)

GEO–7 အစီရင်ခံစာအရယနေ့ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ အဓိကသုံးပွင့်ဆိုင်အကျပ်အတည်း (Triple Planetary Crisis) သုံးခုကို အောက်ပါအတိုင်းဖော်ထုတ်ထားသည်–

(၁) ရာသီဥတုပြောင်းလဲခြင်း၊

(၂) ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးခြင်းနှင့် ဂေဟစနစ်ယိုယွင်းပျက်စီးခြင်းနှင့်

(၃) ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် စွန့်ပစ်ပစ္စည်းပြဿနာများ၊

ဤအကျပ်အတည်းသုံးရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ်လျက်ရှိပြီး လူသားတို့၏ စားရေရိက္ခာဖူလုံရေး၊ ရေဖူလုံရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိပါသည်။

၁။ ရာသီဥတုပြောင်းလဲမှု။ ရာသီဥတုပြောင်းလဲမှုသည် ဖွံ့ဖြိုးရေးအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်သည်။ စက်မှုတော်လှန်ရေးမတိုင်မီကာလနှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်ခန့်မြင့်တက်လာပြီးဖြစ်သည်။ GEO–7 အစီရင်ခံစာအရ လက်ရှိအခြေအနေအတိုင်း ဆက်လက်ဖြစ်သွားပါက ရာစုအကုန်တွင် ကမ္ဘာ့အပူချိန် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၃ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာနိုင်ကြောင်းခန့်မှန်းထားသည်။ ယင်းအခြေအနေသည် စားရေရိက္ခာထုတ်လုပ်မှု ကျဆင်းခြင်း၊ ရေရှားပါးမှု ပိုမိုဆိုးရွားလာခြင်း၊ စီးပွားရေးဆုံးရှုံးမှုများနှင့် သဘာဝဘေးအန္တရာယ်များ တိုးမြင့်လာခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာမှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် အထိ လျှော့ချကန့်သတ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၉ ခုနှစ် အဆင့်များနှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ၄၂ ရာခိုင်နှုန်းနှင့် ၂၀၃၅ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်း လျှော့ချရမည်ဖြစ်သည်။



၂။ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့် ဂေဟစနစ်ပျက်စီးမှု။ သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ အလွန်အကျွံသယံဇာတထုတ်ယူမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ ပြင်ပမျိုးစိတ်များဝင်ရောက်ပျံ့နှံ့မှုတို့ကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးဆုံးရှုံးလျက်ရှိသည်။ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းရှိ ဂေဟစနစ်များတွင် ဒေသအလိုက် မျိုးစိတ်ကြွယ်ဝမှုများသည် ပျမ်းမျှအားဖြင့် ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် မျိုးစိတ်စသန်းအနက် မျိုးစိတ်၁သန်းသည်လက်ရှိတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေပြီး ဆယ်စုနှစ်များအတွင်း ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၅ မှ ၂၀၁၉ ခုနှစ်အတွင်း မြေဩဇောကောင်းမွန်ပြီး ထုတ်လုပ်မှုကောင်းသောမြေဧရိယာဟက်တာသန်း ၁၀၀ ကျော်သည် နှစ်စဉ်ဆုံးရှုံးခဲ့ရသည်။

၃။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းပြဿနာ။ ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် အထူးသတိထားရမည့် ကမ္ဘာ့အန္တရာယ်တစ်ခုဖြစ်သည်။ လေထုညစ်ညမ်းမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ဓာတုပစ္စည်းညစ်ညမ်းမှု၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းစွန့်ပစ်ပစ္စည်းများသည် အဓိကညစ်ညမ်းမှုများဖြစ်သည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန်သန်း ပေါင်းများစွာသည် နှစ်စဉ်ပင်လယ်နှင့် မြစ်ချောင်းများအတွင်းရောက်ရှိနေပြီး ရေနေသတ္တဝါများကို ထိခိုက်စေလျက်ရှိသည်။ ပလတ်စတစ်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ် တန်ချိန် ၄၇၅





❖ စာမျက်နှာ ၁၁ မှအဆက်

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆီသို့ အသွင်ကူးပြောင်းနိုင်ရန် အောက်ဖော်ပြပါ အဓိကစနစ်ကြီး ငါးခုကို အသွင်ပြောင်းလဲရမည်ဟု အဆိုပြုထားသည် -

၁။ စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်။ GEO-7အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင်



စွမ်းအင်၊ အစားအစာနှင့် သတ္တုတူးဖော်ရေးတို့တွင်ပတ်ဝန်းကျင်ကိုထိခိုက်စေသော လုပ်ငန်းများအတွက် ထောက်ပံ့ကြေး (Subsidies) များသည် နှစ်စဉ်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံခန့်ရှိနေသည်။ မူဝါဒချမှတ်သူများအနေဖြင့် စိမ်းလန်းသော ဘဏ္ဍာငွေကြေးစနစ် (Green Finance)၊ သဘာဝအရင်းအနှီး စာရင်းအင်းပြုစုခြင်း (Natural Capital Accounting)၊ ကာဗွန်ထုတ်လွှတ်မှု တန်ဖိုးသတ်မှတ်ခြင်း (Carbon Pricing)နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း (Environmental Tax Reform) တို့ကို အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့် (Net Zero Emission) သို့ ရောက်ရှိရန်အတွက် နှစ်စဉ်လိုအပ်သော အမေရိကန်ဒေါ်လာ ၆ ထရီလီယံကျော်ကို ပံ့ပိုးပေးအပ်ရန်နှင့် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (Kunming Montreal Global Biodiversity Framework-KMGBF) ကို အကောင်အထည်ဖော်ရန်အတွက် နှစ်စဉ်အမေရိကန် ဒေါ်လာ ၇၀၀ ဘီလီယံလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဘဏ္ဍာရေးစီးဆင်းမှုများကိုပြန်လည်ချိန်ညှိရန်လိုအပ်ကြောင်း အကြံပြုထားသည်။

၂။ စွမ်းအင်စနစ်။ အသားတင်ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရေး (Net Zero) ရည်မှန်းချက် အောင်မြင်ရန် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ရေအားလျှပ်စစ်၊ ဇီဝဒြပ်ထုစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အရှိန်မြှင့်တိုးချဲ့ရန်အဆိုပြုထားပါသည်။ ကာဗွန်ထုတ်လွှတ်မှုကို လျော့ချရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် မူလစွမ်းအင်၏ ၇၅ ရာခိုင်နှုန်းကျော်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိသော အရင်းအမြစ်များမှထုတ်ယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်အားလိုင်းစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံအထိ နှစ်ဆတိုးမြှင့်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတာဖြင့် စွမ်းအင်ရရှိနိုင်ရန်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ ကုန်ကျမည်ဟုခန့်မှန်းထားပါသည်။



၃။ စားရေရိက္ခာစနစ်။ GEO-7 အစီရင်ခံစာ၏ခန့်မှန်းချက်အရ လက်ရှိအသုံးပြုနေသော စားရေရိက္ခာထုတ်လုပ်မှုနှင့်ရပ်ကြွင်းလောင်စာအသုံးပြုမှုစနစ်များကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုကုန်ကျစရိတ်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၅ ထရီလီယံခန့် ကုန်ကျလျက်ရှိကြောင်းနှင့် အဆိုပါ ပမာဏသည် တစ်နာရီလျှင် ဒေါ်လာ ၅ ဘီလီယံခန့်၊ တစ်နေ့လျှင် ဒေါ်လာ ၁၂၀ ဘီလီယံခန့်ဆုံးရှုံးနေခြင်းနှင့်ညီမျှသည်ဟုဆိုပါသည်။ လူသားများကောင်းကျိုးချမ်းသာရရှိစေရေးအတွက် စနစ်ပြောင်းလဲမှုများ ဆောင်ရွက်ပါက ၂၀၅၀ ပြည့်နှစ်တွင် အချိန်မတိုင်မီ သေဆုံးမှု ၉ သန်းကျော်နှင့် ၂၀၀၀ ပြည့်နှစ်တွင် သေဆုံးမှုသန်း ၅၀ ကျော်ကို ရှောင်ရှားနိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်း (Climate Smart Agriculture)၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော ငါးမွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို တိုးချဲ့ရန်၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံသောပစ္စည်းများတိုးမြှင့်သုံးစွဲရန် အကြံပြုထားသည်။ လက်ရှိအချိန်တွင် ထုတ်လုပ်သောအစားအစာအား၊ ၃၅ ရာခိုင်နှုန်းသည် နည်းလမ်းမျိုးစုံဖြင့်ဆုံးရှုံးခြင်း၊ အလဟဿဖြစ်ခြင်းကို တွေ့ရှိရပြီး အစားအစာဆုံးရှုံးမှုများနှင့် အလဟဿဖြစ်မှုများကိုလျှော့ချရန် တိုက်တွန်းထားသည်။

၄။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်နှင့်ပတ်သက်ပြီး သဘာဝအရင်းအမြစ်များကို ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ စွန့်ပစ်ခြင်း (Take-Make-Dispose) ဟူသည့် စီးပွားရေးပုံစံမှ သဘာဝအရင်းမြစ်များကို တစ်ခါသုံးစွဲပြီး စွန့်ပစ်ခြင်းမျိုးမဟုတ်ဘဲ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးချခြင်းဟူသည့် ပတ်လည်စီးပွားရေးစနစ် (Circular Economy) သို့ ကူးပြောင်းရမည်ဟု အလေးပေးဖော်ပြထားသည်။ ၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၈၀ ရာခိုင်နှုန်းလျှော့ချခြင်းဖြင့် အသားတင်ငွေစုဆောင်းမှုကိုဖြစ်ပေါ်စေနိုင်ပြီး အပို ကုန်ကျစရိတ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လျှပ်စစ်စွန့်ပစ်ပစ္စည်းများသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၆၂ သန်းအထိ ရောက်ရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသည့် ဈေးကွက်အလားအလာကောင်းများရှိနေသည်ဟု ဆိုပါသည်။ လျှပ်စစ်စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်ရန်တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ပတ်ဝန်းကျင်စိမ်အုပ်ချုပ်မှုစနစ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်နိုင်ရန် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် (Good Governance) လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးရေး၊ ပတ်ဝန်းကျင်စောင့်ကြည့်ရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစေရေး ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။ ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမှု မူဘောင် (KMGBF)၏ ရည်မှန်းချက်သုံးနှင့်အညီ မြေ၊ ရေနှင့်ပင်လယ်ဧရိယာများ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အဆိုပြုထားပါသည်။ သဘာဝအခြေခံဖြေရှင်းခြင်းများ (Nature-based Solutions-NbS) နှင့် လိုက်လျောညီထွေဖြစ်စေရန် စနစ်တကျ ရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုပုံစံများကိုကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ကြရန်တိုက်တွန်းထားပါသည်။

နိုင်ငံများအလိုက် ဖြေရှင်းရန်နည်းလမ်းများ

GEO-7 အစီရင်ခံစာသည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် သဘာဝအခြေခံဖြေရှင်းခြင်းနည်းလမ်းများ(NbS) များကို အထူးအလေးပေးထားသည်။ ဥပမာ သစ်တောများပြန်လည်တည်ထောင်ခြင်း၊ ဒီရေတောများထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသများပြန်လည်ထူထောင်ခြင်း၊ မြို့ပြစိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အလေးပေးဖော်ပြထားသည်။

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် **ဝင်ငွေမြင့်နိုင်ငံများ** အနေဖြင့် အရင်းအမြစ်များစွာ အသုံးပြုသော လူနေမှုပုံစံများကို သိသာစွာ လျှော့ချခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုဖြစ်စေနိုင်သည့် ဆောင်ရွက်ချက်များကိုရှောင်ရှားခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုကြိုးပမ်းမှုများအတွက် နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်းဖြင့် ပံ့ပိုးကူညီကြရမည်ဖြစ်သည်။ **ဝင်ငွေအလယ်အလတ်နိုင်ငံများ** အနေဖြင့် လည်း လက်ရှိစီးပွားရေးတိုးတက်မှုကို အစိမ်းရောင် စီးပွားရေးဆိုင်ရာ မူဝါဒများ၊ ဆန်းသစ်တီထွင်မှုရှိပြီး ဂေဟစနစ်နှင့် သဟဇာတဖြစ်သော အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဟန်ချက်ညီသော ဆောင်ရွက်မှုများကို ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ **ဝင်ငွေနည်းနိုင်ငံများ**အနေဖြင့် ခေတ်မမီတော့သော၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပျက်စီးထိခိုက်စေသော ကုန်ထုတ်လုပ်မှုစနစ်၊ စီးပွားရေးစနစ်များကို စွန့်လွှတ်ပြီး နည်းပညာများအသုံးပြု၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

GEO-7 အစီရင်ခံစာ၏ အဓိကသတင်းစကားများ

GEO-7 အစီရင်ခံစာ၏ အရေးကြီးဆုံးသင်ခန်းစာမှာ **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် သဘာဝထိန်းသိမ်းရေးကဏ္ဍာတစ်ခုတည်း၏ တာဝန်မဟုတ်တော့ဘဲ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စားရေရိက္ခာဖူလုံရေး၊ ရေလုံခြုံဖူလုံမှုရှိစေရေး၊ ကျန်းမာရေးနှင့် အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်လာပြီ။"** ဟူသော သတင်းစကားနှင့် **"ကျွန်ုပ်တို့၏ ယနေ့ဆုံးဖြတ်ချက်များသည် ရာစုနှစ်တစ်ခုလုံး၏ အနာဂတ်ကို ဆုံးဖြတ်မည်ဖြစ်သည်။"** ဟူသော သတင်းစကားများဖြစ်သည်။ GEO-7 အစီရင်ခံစာ၏ သတင်းစကားများသည်ကမ္ဘာလုံးဆိုင်ရာပြဿနာများဟုဆိုသော်လည်း မိမိတို့နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍအတွက် အထူးအလေးထားသင့်သော သတင်းစကားများဟုလည်း ဆိုနိုင်ပါသည်။ လက်ရှိရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် စီးပွားရေး၊ စွမ်းအင်၊ စားရေရိက္ခာ၊ သဘာဝသယံဇာတနှင့် စီမံအုပ်ချုပ်မှုစနစ်များကို စနစ်တကျ ပြုပြင်ပြောင်းလဲခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး စမ်းမှန်သည့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိမည်ဖြစ်သည်။ ။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

သာစည် စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ထနောင်းကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ထနောင်းကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၅သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထနောင်းကန်ကျေးရွာ၌စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ထုတ်ချေးငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကိုထုတ်ချေးငွေကျပ်၁၆ဒသမ ၄ သန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ်လေးသန်းထုတ်ချေးပေးကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ကျန်စစ်သားခန်းမ၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှင့် ယခုနှစ်အောင်ချက်မြင့်မားရေးဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံမှလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တက္ကသိုလ်ဝင်တန်းသင် ဆရာ၊ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် (၄)ဘာသာဂုဏ်ထူးရှင် ၂ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၂ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ စုစုပေါင်း ၂၆ ဦးနှင့် ကျောင်းတွင် ထူးချွန်ဆုရရှိသူ ၃၂ ဦးတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့ကမန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စံပြ(၅)ရပ်ကွက်၊ အင်းခရမဂ္ဂရိုပ်သာရှိမိုးမြင့်စံကျော်ခမ္မဇိမာန်၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့်ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးနှင့် ဒေသခံပြည်သူ ၉၄ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာပေးပြောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်ယည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက်နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် အပါအဝင် မြို့နယ်(၅) မြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊အခြေခံပညာကျောင်းများနှင့် အားကစားကွင်းတို့၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်မနယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

➥ ရှေ့ဖုံးမှအဆက်

စက်တင်ဘာလ (၂၈)ရက်မှ အောက်တိုဘာလ(၁၆)ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်	(၁၄) မန္တလေးအဝေးသင်ထက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်	(၁၅) မိတ္ထီလာတက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်	(၁၆) ကျောက်ဆည်တက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်	(၁၇) မော်လမြိုင်တက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်	(၁၈) စစ်တွေတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်	(၁၉) ရန်ကုန်အဝေးသင်ထက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်	(၂၀) တောင်ကြီးတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်	(၂၁) ကျိုင်းတုံတက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်	(၂၂) လားရှိုးတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်	(၂၃) ပုသိမ်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်	(၂၄) ဟသံတတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်	(၂၅) မအူပင်တက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်	

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။ မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အကျုံးဝင်အာမခံအလုပ်သမား ၂၉၁၀၉ ဦးရှိ



နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေတွင်အကျုံးဝင်အာမခံအလုပ်သမား ၂၉၁၀၉ ဦးရှိပြီး အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်းသုံးခန်း၊ Fee for Service စာချုပ်ဆေးခန်းငါးခန်း၊ ဌာနကြီးဆေးခန်းလေးခန်း၊ ဆွေလျားဆေးကုသယာဉ်တို့ဖြင့် ဆေးကုသမှုပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ဆေးကုသမှုပေးရာတွင် အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များ ပါဝင်သော ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ပျဉ်းမနားသကြား စက်ရုံမှ အာမခံအလုပ်သမား ၃၀၈ ဦးနှင့် မိုးသီရိအထည်ချုပ်စက်ရုံရှိ အာမခံ အလုပ်သမား ၁၃၅ ဦးတို့ကို လိုအပ်သောဆေးကုသမှုပေးခြင်း၊ ဓာတ်ခွဲစစ်ဆေးပေးခြင်း၊ ECG ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်းနှင့် လိုအပ်သောဆေးဝါးများ ထောက်ပံ့ခြင်းတို့ကို ယနေ့တွင် လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင်ထားသော ပျဉ်းမနားသကြားစက်ရုံရှိ အလုပ်သမားများကို ရွှေ့လျားဆေးကုသယာဉ်ဖြင့်စက်ရုံအရောက်ဆေးကုသပေးမှုကို အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့သွားရောက်စဉ် ပျဉ်းမနားသကြားစက်ရုံ တာဝန်ရှိသူများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားများအကျိုးကို ထိထိရောက်ရောက် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန် စက်ရုံသို့လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာသည်နှင့်အမျှ အလုပ်သမားများ၏ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မိုးသီရိအထည်ချုပ်စက်ရုံရှိအာမခံအလုပ်သမားများကို ရွှေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် ဆေးကုသပေးနေမှုကို လည်းသွားရောက်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပြီး တင်ပြမှုများအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အာမခံအလုပ်သမားလူနာဦးရေ ၁၃၆၁၃၀ ဦးနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လမှ သြဂုတ်လအထိ အာမခံအလုပ်သမားလူနာဦးရေ ၅၈၅၅ ဦးတို့ကို စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

⇒ **ရွှေ့ဖုံးမှအဆက်**

ထိုသို့အခြေအနေတွင်စက်တင်ဘာလ ၁၉ ရက် ညနေ ၅ နာရီ ၂၆ မိနစ်၌ ၂၃၀ ကေဗွီ ရွှေတောင် - မြောင်းတကာ အမှတ်(၁)နှင့်(၂)ဓာတ်အားလိုင်းတွင် အပြစ်ဖြစ်ပေါ် ခဲ့သဖြင့် နိုင်ငံတစ်ဝန်းဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါချွတ်ယွင်းသွားသော ၂၃၀ ကေဗွီ ရွှေတောင် - မြောင်းတကာ ဓာတ်အားလိုင်းအား တာဝန်ရှိဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးနေစဉ်အတွင်း ပြည်သူများဓာတ်အားပြတ်တောက်မှု ကြန့်ကြာမှုမရှိစေရန်အတွက် အဆိုပါလိုင်းပြင်ဆင်ပြီးစီးသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အခြားသောဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ဓာတ်အားစနစ်အမြန်ဆုံးပြန်လည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပြီး တင်ပြမှုများအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အာမခံအလုပ်သမားလူနာဦးရေ ၁၃၆၁၃၀ ဦးနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လမှ သြဂုတ်လအထိ အာမခံအလုပ်သမားလူနာဦးရေ ၅၈၅၅ ဦးတို့ကို စက်ရုံ၊ အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၂၃ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ပြည်ပပို့ကုန် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက စိုက်ပျိုးထားပြီး တရုတ်နှင့်အိန္ဒိယသို့ သကြားတင်ပို့

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်သကြားထုတ်လုပ်ဆည့် ချက်ကြံ ၃၄၃၆ ဧက နှင့် စားကြံ ၅၁၁ ဧက စိုက်ပျိုးထားပြီး သကြားကို ပြည်ပပို့ကုန်အဖြစ် တရုတ်နှင့်အိန္ဒိယသို့ တင်ပို့လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆-၂၀၂၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၁ ဧက နှင့် စားကြံ ၅၀၇ ဧက စိုက်ပျိုးရန်လျာထားရာ ဇူလိုင်လကုန်ပိုင်း၌ ချက်ကြံ ၃၄၃၆ ဧက နှင့် စားကြံ ၅၁၁ ဧကဖြင့် မူလလျာထားချက်ထက် ကျော်လွန်၍ စိုက်ပျိုးခဲ့သည်။

ချက်ကြံကို တိုက်ကြီးမြို့နယ် အတွင်းရှိ ဂုံညင်းတန်း၊ ကျွဲဘုတ်၊ မာဂရီ၊ ချင်းကုန်း၊ ဥက္ကံမျိုးပွားခြံတို့တွင်စိုက်ပျိုးပြီး ဒေသမျိုးဖြစ်သည့် စားကြံကို လှည်းကူးမြို့နယ်အတွင်း စိုက်ပျိုးသည်။ နိုင်ငံခြားမျိုးများဖြစ်သည့် K95/84၊ KK-3၊ K2000/89 မျိုးစိတ်များနှင့်စိုက်ပျိုးရေးသုတေသနမှထုတ်လုပ်သည့် Dar-4 အထွက်ကောင်း ချက်ကြံမျိုးစိတ်တို့ကို မိုးသီးနှံအဖြစ် စိုက်ပျိုးထားကာ ယမန်နှစ် နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့် ကြံခင်းများ အောက်တိုဘာလကုန်ပိုင်းမှစတင်၍ ရိတ်သိမ်းမည်ဖြစ်သည်။

တစ်နှစ်ပတ်လုံးသီးနှံဖြစ်သည့် ကြံကို အောက်တိုဘာလမှစ၍ ဧန်နဝါရီလအထိ ခုတ်ပြီးနောက် ချက်ချင်း ပြန်လည်စိုက်ပျိုးလေ့ရှိရာ ချက်ကြံကို အဆစ်လိုက်ဖြတ်၍ လည်းကောင်း၊ စားကြံကိုအဖျားပိုင်းများကိုလည်းကောင်း ပြန်လည် စိုက်ပျိုးကြသည်။

"မြန်မာနိုင်ငံမှာစိုက်ပျိုးတဲ့ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာ အသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ တောင်သူတွေအတွက်လည်း ဈေးကောင်းရတဲ့ သီးနှံဖြစ်တာကြောင့် အကျိုးအမြတ်လည်းရှိနေပါတယ် "ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ကြံမှ တင်လဲရည်၊ သကြားထုတ်လုပ်ပြီး ကြိတ်ပြီးကြံဖတ်အား သဘာဝမြေဩဇာထုတ်လုပ်ရာ၌ အသုံးပြုသည်။

ကြံကို မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုး၍ ရန်ကုန်တိုင်းဒေသကြီး၌ စပါးအပြင်ကြံကိုလည်း ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်သည်။ စားကြံကို ရန်ကုန်မြို့တွင် ကြံရည်အဖြစ် ဆောင်းရာသီတွင်စတင်ကာ ရောင်းချလေ့ရှိပြီး ချက်ကြံကို တင်လဲရည်ထုတ်လုပ်



၍ အဖျော်ယမကာနှင့် အခြားစားသောက်ကုန် ထုတ်လုပ်ရာ၌ အသုံးပြုကာ ချက်ကြံရည်ကို ကျိုချက်ရာမှ သကြားထုတ်လုပ်မှုဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့တင်ပို့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ချက်ကြံနှင့်စားကြံကို ဥက္ကံသကြားစက်ဝန်းကျင်၌ အများဆုံးစိုက်ပျိုးပြီး ချက်ကြံမှထုတ်လုပ်သည့် သကြားကို တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံသို့ ပြည်ပပို့ကုန်အဖြစ် တင်ပို့ကြောင်း သိရသည်။

ဓာတ်ပုံ - ကိုလွင်ဥသာ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)မှ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲကျင်းပစဉ်။

▲ ရွှေဖုံးမှအဆက်

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကား များအသီးသီး ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူ များအား ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြသည်။

သင်္ဃာန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှတိုင်းမှူးများနှင့် တာဝန်ရှိရှုမှုများက သင်တန်းများအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကို ကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကား များအသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူ စကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်ကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာ

လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ ဂုဏ်ယူသင့်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့်သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကို လည်းယခုကဲ့သို့ကြားသိရပါသည်-

သွားပါတယ်။ ဒီထဲရောက်မှ ကျွန်တော်တို့ စိတ်ဓာတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော အကုန်လုံးအစစအရာရာ ကျွန်တော်တို့ပြောင်းလဲသွားပါတယ်။ အရင်လို အရပ်သားမှာတော့ ကျွန်တော်တို့တွေပေါ့ပျက်ပျက်နဲ့နေခဲ့တာတွေရှိတယ်။ ဒီမှာတော့ အဲ့လိုမျိုးတော့ မဟုတ်တာ။ အားလုံးကစည်းကမ်းနဲ့ စနစ်နဲ့ ဆရာတွေရဲ့ သွန်သင်သင်ကြားမှုတွေနဲ့ ကျွန်တော်တို့ ဒီမှာနေထိုင်ရပါတယ်။ သင်တန်းတက်ခဲ့ရတဲ့အတွေ့အကြုံကတော့ ဒီသင်တန်းမှာ ကျွန်တော်တို့ ပင်ပန်းတာတွေလည်း ရှိတယ်၊

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)မှ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

စွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည်ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်

"တက်ရောက်ဖြစ်ပုံကတော့ နိုင်ငံသားတိုင်း ဒီတာဝန်ကို ထမ်းဆောင်ရမယ်ထင်လို့ပါ။ ၁၈ နှစ်ပြည့်တဲ့ ညီအစ်ကိုတိုင်းလည်း ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ မိုင်းကျွမ်းကျင်ဆုပါဗျ။ ကျွန်တော် အရမ်းပျော်ပါတယ်။ ကျွန်တော် နဲ့အတူ ကျွန်တော့်ရဲ့ မိသားစုလည်းပျော်နေမယ်လို့ ထင်ပါတယ်ဗျ။ အရပ်သားဘဝနဲ့တော့ အများကြီးကွာခြား

ခက်ခဲတာတွေလည်း ရှိတယ်။ ဒါပေမဲ့ အဲ့ဒါတွေက အခုလိုပြီးသွားတဲ့အချိန်မှာ ဒီလိုပါပဲကျွန်တော်တို့ ပြီးဆုံးသွားတာပါပဲပေါ့။ ကျွန်တော့်ကို ပေးအပ်လာတဲ့ တာဝန်ကို ကျွန်တော်ကျေပွန်စွာ အတတ်နိုင်ဆုံး ထမ်းဆောင်သွားပါမယ်လို့ ကျွန်တော်စဉ်းစားထားပါတယ်ဗျ" ဟုပြောသည်။

"ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့

စာမျက်နှာ ၁၆ သို့ ▲

▲ စာမျက်နှာ ၁၅ မှ

ကျွန်တော် ဒီနိုင်ငံသားတစ်ယောက် အနေနဲ့ပေါ့လေ။ ဒီတိုင်းပြည်က ချမှတ်ထားတဲ့ မူဝါဒကို ကျေပွန်အောင်ပေါ့ ထမ်းဆောင်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် သင်တန်းကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်ခင်ဗျ။ ဒီသင်တန်းမှာ ကျွန်တော်တို့ကို သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ ကြံ့ခိုင်ရေး ဘာသာရပ်တွေ၊ လက်နက်ငယ် ဘာသာရပ်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီရှေ့တန်းစစ်မြေပြင်မှာ နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးဝင်တဲ့ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်တွေ၊ စစ်မြေပြင် ဘာသာရပ်တွေကို သင်ကြားပြသပေးခဲ့တာပဲ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်ကအရပ်သားဘဝကနေ လာတာဆိုတော့ အစပိုင်းမှာ ဆုကတော့ တပ်စိတ်တိုက်နည်းပထမ ဆုပဲဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီဆုမှာတော့ တပ်စိတ်လိုက်ပေါ့လေ၊ ကြိုးစားမှုတွေ၊ နောက်တစ်ခုက အုပ်ချုပ်မှုတွေနဲ့ ရဲဘော်အချင်းချင်း စည်းလုံးမှုတွေကြောင့်ပေါ့။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဆုကို



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကျင်းပစဉ်။

ရရှိခဲ့တာဖြစ်ပါတယ်ခင်ဗျ။ သင်တန်းပြီးဆုံးသွားပြီဆိုတော့ ကျွန်တော်တို့ တာဝန်ကျတဲ့ တပ်ရင်းတွေမှာ ကျွန်တော်တို့ ဒီနှစ်နှစ်တာကာလကို ကျေပွန်စွာ ကျွန်တော်တို့ထမ်းဆောင်သွားမယ်။ ပြီးတော့ တပ်မတော်ကချမှတ်ထားတဲ့ ဥပဒေတွေကိုလည်း အကောင်းဆုံး လိုက်နာပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါခင်ဗျ။ နောက်တက်လာမယ့် ညီငယ်တွေကို ကျွန်တော်ပြောချင်တာကတော့ ဒီနိုင်ငံသားတစ်ယောက် ဖြစ်တဲ့ အခါမှာ နိုင်ငံရဲ့ချမှတ်ထားတဲ့ ဥပဒေတွေကို အကောင်းဆုံး လိုက်နာကျင့်သုံးပြီးတော့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ဘဝမှာ မလုပ်ဖူးတဲ့ လုပ်ဆောင်ချက်တွေ၊ မသင်ကြားဖူးခဲ့တဲ့ ဘာသာရပ်တွေကို သင်ကြားခဲ့ရတာဆိုတော့ကျွန်တော်တို့ ဘဝရဲ့အမှတ်တရတွေ အများကြီးရရှိပါတယ်ခင်ဗျ” ဟုပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆) မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)







ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲကျင်းပစဉ်။

မင်းဘူး(စကု)မြို့နယ်ရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များလှူဒါန်း

မင်းဘူး စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကျောင်းသားလူငယ်များ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ မင်းဘူးမြို့နှင့် စကုမြို့ အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာလ ၁၈ ရက်က အဆိုပါကျောင်းများ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက မင်းဘူးမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စကုမြို့ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းစာကြည့်တိုက်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်စာရင်း၊ စာအုပ်ငှားရမ်းမှုမှတ်တမ်းနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။


ဆက်လက်၍ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မင်းဘူးမြို့နှင့် စကုမြို့ရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင် စုစုပေါင်း ၁၄၀ ကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖျာပုံ စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးသန်းဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဖျာပုံပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို စက်တင်ဘာလ ၁၉ ရက်တွင် ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသန်းလွင်၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဦး၊ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ဖျာပုံ)နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ဖျာပုံ)တို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဖျာပုံပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အမှိုက်သရိုက်၊ ချုံနွယ်များရှင်းလင်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။



ထို့နောက် တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဦးတို့က ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြကြောင်း သိရသည်။ **နေကိုထိုက်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်အောင်စန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich) ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့သို့ စက်တင်ဘာလ ၁၄ ရက်မှ ၁၉ ရက်အထိ ခရီးစဉ်သွားရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်းသည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ မင့်စ်မြို့သို့ စက်တင်ဘာလ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီရုံးမှ ပြည်ပရေးရာလုံခြုံရေးဌာနကြီးမှူး ဒီမီထရီ ဗစ်ထရိုဗစ် ရာဗင်ဟင် (Dmitry Viktorovich Ryabihin) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က ကြိုဆိုကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မဟာမျိုးချစ်စရာပွဲသဓိုင်း ပြတိုက် (The Great Patriotic War Museum) ကို သွားရောက်လေ့လာကြပြီး ပြတိုက်ရှေ့ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိ အောင်ပွဲအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) သို့သွားရောက်၍ ပန်းခွေချအလေးပြုရာ ဘယ်လာရုစ်သမ္မတနိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ဂုဏ်ပြုခဲ့သည်။

ထို့နောက် တည်းခိုသည့် President Hotel တွင် ဘယ်လာရုစ်သမ္မတနိုင်ငံတော် လုံခြုံရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန်တာတယ် (Ivan Tertel) နှင့်တွေ့ဆုံပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက်ရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အိုင်ဗန်ကူဘရာကော့ဗ် (Ivan Kubrakov)နှင့် တာဝန်ရှိသူတို့က ကြိုဆိုပြီး အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေကို ရှင်းလင်းပြသကာ ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ အထူးတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့်လေ့ကျင့်ရေးသင်တန်းဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်တည်းခိုသည့် President Hotel ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich)နှင့် တွေ့ဆုံပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုကိစ္စရပ်များ၊ ယူရေးရှားပဋိညာဉ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကာ အပြန်အလှန်အကျိုးပေါ်ထွန်းစေမည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက President Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဆိုဘိုးလ်ဒီမီထရီ (Sobol Dmitry)က ကာလအလိုက် သင်တန်းဖွင့်လှစ်သင်ကြားနေမှုများ၊ ဘာသာရပ်ဆိုင်ရာ ပို့ချနေမှုများနှင့် ပြည်တွင်း၊ ပြည်ပသင်တန်းသားများ လက်ခံဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ စစ်တက္ကသိုလ်၌ သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေကို ကြည့်ရှုလေ့လာခဲ့ရာ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် မှုခင်းဆေးပညာစစ်ဆေးရေးကော်မတီ (The State Forensic Examination Committee)၏ နိုင်ငံတော် မှုခင်းဆေးပညာစစ်ဆေးရေးဗဟိုဌာနသို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် မှုခင်းဆေးပညာစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ မစ္စတာ အလက်ဇီဗိုလ်ကော့ဗ် (Alexei Volkov) ဦးဆောင်သည့်အဖွဲ့များနှင့် တွေ့ဆုံကာ မှုခင်းကျဆင်းရေး၊ ရှာဖွေဖော်ထုတ်ရေး၊ မှုခင်းဆေးပညာနှင့် သက်သေအထောက်အထားများ စိစစ်ဖော်ထုတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုအခြေအနေ၊ အဖွဲ့အစည်းများအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာနသို့ သွားရောက်၍ အရေးပေါ်အခြေအနေများဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာ ဆာဂေးလ် ဆာလန်နိုဗစ် (Sergey Salanovich) ဦးဆောင်သည့်အဖွဲ့များနှင့်တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံ ပြိုကျမှုများနှင့် ယာဉ်မတော်တဆမှုများတွင် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့်ဓာတုဗေဒပစ္စည်းများသိုလှောင်သည့်စက်ရုံများ၏ လုံခြုံရေးအဆင့်အတန်း စစ်ဆေးခြင်းကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာန (Ministry of Emergency Situations) ၏ ဘေးကင်းလုံခြုံရေးပညာရေးစင်တာကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးဌာနသို့ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ယနေ့ ညနေပိုင်းတွင်ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်များပြုစုပျိုးထောင်နိုင်ရေး၊ နိုင်ငံတော်အတွက်လိုအပ်သည့် နည်းပညာများ အထောက်အကူပြုနိုင်ရေးတို့အတွက် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက် တာမျိုးသိန်းကျော် သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တက္ကသိုလ်များအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အမှန်တကယ် နားလည်တတ်မြောက်သည့် လူစွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် နိုင်ငံတကာအဆင့်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုနေမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တက္ကသိုလ်၏ သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု လုပ်ငန်းများဆောင်ရွက်နေမှု၊ သင်ကြားသင်ယူမှု ကောင်းမွန်သောပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ဆောင်ရွက်နေမှု၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan များရေးဆွဲ၍ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°c	/	၃၄°c
ရန်ကုန်	၂၄°c	/	၃၃°c
မန္တလေး	၂၇°c	/	၃၅°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၉လ)

ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကရုပ်သံကုမ္ပဏီများ၏လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကရုပ်သံကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်း Myansat DTH ထုတ်လွှင့်ရေးနှင့် ဖြန့်ချိရေးရုံးရှိ Control Room ၌ ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုပ်သံနှင့် အသံအချက်ပြမှုများ စီမံထိန်းချုပ်နေမှု၊ ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများနှင့် နည်းပညာစနစ်များတပ်ဆင်အသုံးပြုထားရှိမှု၊ ပြည်တွင်းပြည်ပ ရုပ်သံလိုင်းပေါင်း ၁၅၀ ကျော်ဖြင့် စီစဉ်ထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ Shwe FM ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရေဒီယိုအဆောင်ရှိ Studio(G/H) များတွင် ရေဒီယိုအစီအစဉ်များ၊ ထုတ်လွှင့်မှုတွင် အသုံးပြုလျက်ရှိသည့် အသံပိုင်းဆိုင်ရာစက်ပစ္စည်းများ၊ Studio များ၏ နည်းပညာပိုင်းဆိုင်ရာ အခြေအနေနှင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်တင်ဆက်မှုတို့ကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏တိုက်ရိုက် ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ ရေဒီယိုအဆောင် အခန်းအမှတ် (၁၄၄) တွင် Playout စနစ်အသုံးပြု၍ အစီအစဉ်များ စီမံခန့်ခွဲထုတ်လွှင့်ပေးနေမှုနှင့် ရုပ်သံ၊ အသံအချက်ပြမှုများကို စောင့်ကြည့်ထိန်းချုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလားတူ 9 Meter Earth Station ၏ လုပ်ငန်းဆောင်ရွက်မှု၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှ တစ်ဆင့်ရုပ်မြင်သံကြားနှင့်အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ပေးပို့မှု အခြေအနေကိုလည်းကောင်း၊ မိတာ ၂၀၀ တာဝါတိုင်စက်ခန်းတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ရာ၌ အသုံးပြုလျက်ရှိသည့် ထုတ်လွှင့်စက်များ၊ စက်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာစနစ်များ တပ်ဆင်အသုံးပြုထားရှိမှုတို့ကို လည်းကောင်း၊ မန္တလေး FM ရေဒီယို ထုတ်လွှင့်မှုအခြေအနေ၊ ရေဒီယို ထုတ်လွှင့်ရေးလုပ်ငန်းများ၊ အစီအစဉ်များ ထုတ်လွှင့်တင်ဆက်နေမှု၊ နည်းပညာပိုင်းဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ်ရှိ Sky Net ရုံးချုပ်တွင် ရုပ်သံလိုင်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်မှု၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ တာမွေမြို့နယ် ရွှေထွဋ်တင်ဝင်း၌ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်တင်ဆက်နေမှု၊ Studio များ အသုံးပြုဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသနေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဦးစားပေးရိုက်ကူးထုတ်လွှင့်ပေးရန်၊ ပြည်သူများအသိပညာနှင့် ဗဟုသုတတိုးပွားစေမည့် အစီအစဉ်များကို ခေတ်နှင့်အညီ ထုတ်လွှင့်တင်ဆက်ရန်၊ ရုပ်မြင်သံကြား၊ အသံလွှင့်မီဒီယာများအပြင် ဒီဂျစ်တယ်မီဒီယာပလက်ဖောင်းများကိုပါ ထိရောက်စွာအသုံးချ၍ အကြောင်းအရာများ ပိုမိုကျယ်ပြန့်စွာရောက်ရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးပြီးနိုင်ငံတော်အနေဖြင့် အနုပညာကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကာ ရုပ်ရှင်အနုပညာကဏ္ဍသည် နိုင်ငံတော်၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သည့်အရေးပါသောကဏ္ဍဖြစ်သဖြင့် ရုပ်ရှင်အနုပညာရှင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏အခန်းကဏ္ဍကိုအလေးထားပြီး နိုင်ငံနှံ့ပြည်သူများအတွက် အကျိုးရှိစေမည့် အနုပညာလက်ရာကောင်းများ ဖန်တီးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဲကာကျရင်ဘုဂ်မြို့၌ နိုင်ငံတကာလူငယ်ပွဲတော်ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဲကာကျရင်ဘုဂ်မြို့၌ စက်တင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော် (International Festival of Youth 2026)သို့ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာ လူငယ်ပွဲတော်၏ လူငယ်စကားပိုင်းဆွေးနွေးပွဲ အစီအစဉ်သို့သွားရောက်လေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ ဖိတ်ကြားထားသည့်ကိုယ်စားလှယ်ကြီးများနှင့်အတူ လူငယ်ပွဲတော်ကျင်းပရေးကော်မတီ၏ အစည်းအဝေးခန်းမ၌ကျင်းပသည့် အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းရှိ တက်ကြွလှုပ်ရှားသူ လူငယ်များအကြား ချိတ်ဆက်ပေါင်းစပ်လျက် ဟန်ချက်ညီသော ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေး၊ လူငယ်ရေးရာမူဝါဒ၏ အနာဂတ် မျှော်မှန်းချက်များကို ဆွေးနွေးအဖြေရှာရေး၊ ထိရောက်သောအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်များ ချမှတ်ရေးဆွဲရေးနှင့် ယနေ့ခေတ် ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းဆိုင်ရာ သဘောတရားများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော်၏ ဖွင့်ပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပွဲတော်ကျင်းပရေးကော်မတီ၏ အစည်းအဝေးခန်းမ၌ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ လူငယ်ခေါင်းဆောင်များ၏ လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် ဆောင်ရွက်နေမှုများအပေါ် စကားပိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၁၅ ရက်တွင် ယဲကာကျရင်ဘုဂ်မြို့ရှိအားကစားလေ့ကျင့်ရေးစခန်း၌ မျိုးဆက်သစ်လူငယ်များ၏ အားကစားလေ့ကျင့်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ယဲကာကျရင်ဘုဂ်ဒေသရှိပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် Mr. Pasler Denis Vladimirovich နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ယဲကာကျရင်ဘုဂ်မြို့ရှိ လူငယ်စင်တာ (Palace of Youth Center)ကို သွားရောက်၍ ဆယ်ကျော်သက်လူငယ်များအတွက် ချမှတ်ထားသည့် အစီအစဉ်များ၊ အနုပညာ တီထွင်ဖန်တီးမှုများနှင့် ဒေသဆိုင်ရာ လူငယ်စီးပွားရေး စွမ်းဆောင်ရှင်များအဖွဲ့၏ ထုတ်ကုန်များကို လေ့လာသည်။

ထိုမှတစ်ဆင့် အစိုးရရေကြောင်း လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်း၌ ရေကြောင်းလူငယ်များ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ လူငယ်အသက်မွေးဝမ်းကျောင်းစခန်း (Military and Civil Youth Vocational Camp) ၌ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်များကို လက်တွေ့သင်ကြားနေမှုများနှင့် ဒီဂျစ်တယ်နည်းပညာအသုံးချနေမှုကိုလည်းကောင်း၊ ပြတိုက်စင်တာတွင်ပြသထားရှိသည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်က လွှင့်တင်ခဲ့သော (Buran-Class Orbiter) အာကာသယာဉ်ဟောင်းပြခန်းကိုလည်းကောင်း သွားရောက်လေ့လာခဲ့သည်။

စက်တင်ဘာလ ၁၆ ရက် နံနက် ၁၁ နာရီတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူငယ်ရေးရာ ဖက်ဒရယ်အေဂျင်စီ၏ ဒုတိယဥက္ကဋ္ဌ Mr. Denis Valerievich Ashirov နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ်မြန်မာ-ရုရှား နှစ်နိုင်ငံအကြား လူငယ်ရေးရာကိစ္စရပ်များ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးနှင့် အာဆီယံ-ရုရှား လူငယ်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပပြုလုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ်မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Xiaofei Tian နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံလူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံအပေါင်းသုံး လူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံလူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးနိုင်ရေးနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာ လူငယ်ပွဲတော်ပိတ်ပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ပြည်ထောင်စုဝန်ကြီးအဆင့် ကိုယ်စားလှယ်ကြီး ၁၃ ဦး၊ ဒုတိယဝန်ကြီးအဆင့်ကိုယ်စားလှယ်ကြီး ကိုးဦးနှင့် နိုင်ငံပေါင်း ၁၉၀ ကျော်မှ လူငယ်အင်အား ၁၀၀၀၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖိုလစ်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြို့ဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စေတီတော်ရင်ပြင်၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော်အနီးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ ပေါင်းမြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်စဉ်။

မြင့်ဦး(မြိတ်)



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် ဗိုလ်ချုသီလရှင်ကျောင်းဝင်းအတွင်းနှင့်အပြင် လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ နယ်မြေလုံခြုံရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ပေါင်းမြက်များ၊ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြစဉ်။

ကိုကိုမင်း(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့ကဦးဆောင်၍ စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ဘုတ်ပြင်း)၌ ဘုတ်ပြင်းခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ဝင်းနိုင်၊ ဘုတ်ပြင်းမြို့နယ် ရဲတပ်ဖွဲ့မှခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် တံမြက်စည်းလှဲခြင်း၊ ချုံနွယ်မြက်ပင်များနှင့်သစ်ပင်ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးမြောင်းများရှင်းလင်းခြင်း၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းစုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကိုစုပေါင်းဆောင်ရွက်စဉ်။

သက်မောင်(ကျောက်ဆည်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၂၆(တနင်္ဂနွေနေ့)

၁။	၀၆:၀၃	တရားတော်	၁၀။	၁၇:၃၀	သုတရသစုံလင်ဗဟုသုတပုံပြင်
၂။	၀၈:၅၀	မောင်မယ်လေးများသိစေချင်	၁၁။	၁၈:၃၀	စိုက်ပျိုးသုတ
၃။	၀၉:၂၀	အမှတ်တရနေ့ရက်များ	၁၂။	၁၉:၀၀	**ရုပ်မြင်သံကြားဇာတ်လမ်းစောင်နီလေးတစ်ထည် (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်- ရန်အောင်၊ နက္ခတ်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ Lဆိုင်းဖီ ဒါရိုက်တာ - တင်အောင်စိုး (ပန်းမြို့တော်)**
၄။	၁၀:၃၀	စာပေနှင့်အနုပညာသတင်း			
၅။	၁၁:၂၀	အတွေးအမြင်			
၆။	၁၃:၂၅	အိုဘယ်သခင်တေးနယ်ဉ်			
၇။	၁၅:၁၅	မြန်မာသံစဉ်ချိုနားဝင်			
၈။	၁၆:၅၀	ကိုယ်လက်လှုပ်ရှားအားကစား			
၉။	၁၆:၅၅	မျိုးချစ်တပ်မတော်			

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၀၅၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၃၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝဝန်ပန်းတာရောင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

● ညောင်တုန်းကျန်းတာမှ

၁၇ ရက်တွင် အဆိုပါ ညောင်တုန်းကျန်းတာ(ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃)ကြားရှိ စွန့်ပစ်တာ အလျား ၁၆၀ ပေနှင့်အနံ ၁၅ ပေခန့်တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ၁၆၀ ပေခန့် ထပ်မံအိပ့်ပြိုကျသည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextile လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း စသည့် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကူညီဆောင်ရွက် ပေးနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက် စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရောင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်း ချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရောင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဝဝန်ပန်းတာရောင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးအားတိုက် အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

သင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❍ ကျောဖုံးမှအဆက်

အသင်းမှ နည်းပြနှစ်ဦးနှင့် အားကစားသမား လေးဦးတို့သည် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ(Teqball Women's Single) ကို စက်တင်ဘာလ ၁၈ ရက်က စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား ခင်နှင်းဝေသည် ကာဂျစ္စတန် အသင်း၊ အင်ဒိုနီးရှားအသင်း၊ လက်ဘန္ဓနအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်တိုင်းကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ကာ ရှုံးပွဲမရှိ ရလဒ်ကောင်းများဖြင့် Semi-Final အဆင့်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

အလားတူ တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် (Teqball Women's Doubles) မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသည့် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် အုပ်စုပတ်လည်ပွဲစဉ်တွင် ပွဲဦးထွက်၌ ထိုင်းအသင်းနှင့်စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်နှုန်းနိမ့်ခဲ့သော်လည်း ကျန်ရှိသည့် အုပ်စုပတ်လည်ပွဲစဉ်များတွင် ကမ္ဘောဒီးယားအသင်းနှင့် လက်ဘန္ဓနအသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းကြောင့် Semi-Final အဆင့်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

စက်တင်ဘာလ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘန္ဓနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့၍ လက်ဘန္ဓနအသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၇ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အမှားအယွင်းနည်းနည်းဖြင့် ဆက်လက်ကစားနိုင်ခဲ့၍ လက်ဘန္ဓနအသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၈ မှတ်ဖြင့်လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက်(Women's Single Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

အလားတူ မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ (Teqball Women's Doubles) အကြိုဗိုလ်လုပွဲ (Semi-Final)ပွဲစဉ်တွင် မြန်မာအသင်းနှင့်လက်တန္ဓနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘန္ဓနအသင်းမှ အားကစားသမားအတွဲတို့ကို ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘန္ဓနအသင်းမှ အားကစားသမားအတွဲတို့ကို ရမှတ် ၁၂ မှတ် ၁ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် (Women's Doubles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Teqball Men's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင်မြန်မာအသင်းက စောဖရိုင်းဒေးက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့သော်လည်း အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် အမှားအယွင်းနည်းစွာ ဆက်လက်ကစားနိုင်ခဲ့သော်လည်း တစ်ဖက်အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် ပွဲပြီးချိန်တွင် အီရတ်အသင်းမှ အားကစားသမားကို ကပ်၍ ရှုံးနိမ့်ခဲ့သည့်အတွက် စက်တင်ဘာလ ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် တတိယလုပွဲ ပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည်ဖိလစ်ပိုင်အသင်းမှအားကစားသမား Prince AGUSTIN နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အလားတူ မြန်မာတက်ဂ်ဘော အသင်းအနေဖြင့် စက်တင်ဘာလ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ (Teqball Women's Singles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ခင်နှင်းဝေသည် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya နှင့် လည်းကောင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ (Teqball Women's Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC, jutatip KUNTATONG တို့အတွဲနှင့်လည်းကောင်း တွေ့ဆုံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

လက်ရှိချန်ပီယံ အာဆင်နယ် ဘရိုက်တန်ကို ဂိုးပြတ်ရှုံး



ရန်ကုန် စက်တင်ဘာ ၁၉

ပရီးမီးယားလိဂ်ပွဲစဉ်(၅)အဖြစ် ဘရိုက်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယနေ့ ည ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ ဘရိုက်တန်အသင်းက အာဆင်နယ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်း ပွဲကစားချိန်တွင် ဘရိုက်တန်အသင်းသည် အိမ်ကွင်း၌ အာဆင်နယ်အသင်းကို တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲကစားချိန် ၃၁ မိနစ်တွင် ပါစကယ်ဂရေ့ဂ်က လှလှပပ အဝေးကန်ချက်ဖြင့် ကန်သွင်းခဲ့ရာ အာဆင်နယ်ဂိုးသမား ရာယာ မကာကွယ်နိုင်ဘဲ ဂိုးတိုင်ထိကာ ဂိုးဝင်သွားသဖြင့် ဘရိုက်တန်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ပွဲကစားချိန် ၄၅ မိနစ်တွင် ကိုစတိုလပ်က အဝေးကန်ချက်ဖြင့် ကန်သွင်းခဲ့ရာ ဂိုးသမားရာယာမတက်နိုင်ဘဲ ဒုတိယဦးဆောင်ဂိုးပေးလိုက်ရ၍ ပထမပိုင်းပြီးဆုံးချိန်တွင် ဘရိုက်တန်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းကစားချိန်တွင် ဘရိုက်တန်အသင်းက တိုက်စစ်မြှင့်တင်ကာ ပွဲကိုထိန်းချုပ်ခဲ့ပြီး အာဆင်နယ်အသင်း တိုက်စစ်ဆင်ခွင့်မရအောင် ကစားခဲ့သည်။ ပွဲကစားချိန် ၅၇ မိနစ်တွင် ဘရိုက်တန်ကစားသမား ချီမာက ထောင့်ကန်ဘောကို ခေါင်းတိုက်အဆုံးသတ်ခဲ့သဖြင့် အာဆင်နယ်အသင်းကို သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အာဆင်နယ်အသင်း၏ အပိုင်အခွင့်အရေးများကို ဘရိုက်တန်ဂိုးသမားကာကွယ်နိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် ဘရိုက်တန်အသင်းက အာဆင်နယ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇင်မင်းဦး

MYAWADY IN ENGLISH DAILY EDITION

Vice President U Nyo Saw visits Pinglu Canal and Automated Container Terminal in Qinzhou, meets Guangzhou Mayor

GUANGZHOU September 19

Vice President U Nyo Saw, who is currently visiting People's Republic of China, arrived in Guangzhou in the afternoon of September 19 together with Union Minister U Tun Ohn and members of the delegation and met with Mr. Sun Zhiyang, Mayor of Guangzhou, Guangdong Province, and exchanged views and held discussions on bilateral relations, cooperation matters and the promotion of maritime trade.



Vice President U Nyo Saw meets Mr. Wei Tao, Chairman of the Guangxi Zhuang Autonomous Region.

On the morning of September 18, the Vice President, together with members of the delegation, visited the Madao Hub of the Pinglu Canal in Qinzhou, which directly connects the sea with the river to facilitate the passage of cargo vessels. Local party officials and responsible officials from Qinzhou welcomed the Vice President and explained the progress of the Pinglu Canal project, its benefits and the types of vessels permitted to navigate the canal.

Afterwards, the Vice President visited an AI-powered automated container terminal and its berths in Qinzhou. Local authorities and port officials explained the berthing of domestic and foreign vessels, cargo loading and unloading operations using AI technology, technological innovations including digital technologies, and regional connectivity through advanced technologies.

On the evening of September 17, the Vice President, together with members of the delegation, met with Mr. Wei Tao, Chairman of the Guangxi Zhuang Autonomous Region, at the Liyuan International Conference Centre. They held cordial and frank discussions on strengthening bilateral relations, promoting bilateral cooperation, accelerating bilateral trade cooperation, and promoting the implementation of the Belt and Road Initiative and the China-Myanmar Economic Corridor. **Myawady**

Farmers plant vegetables exceeding the target cultivation in Wetlet Township

WETLET September 19

Cultivation of vegetables in Wetlet Township of Sagaing Region exceeded the target sown acreage this monsoon, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Wetlet Township set a target to cultivate 4,225 acres of vegetables. Vegetable cultivation began in May this year, and 4,356 acres have been planted to date.

"This year, Wetlet Township set a target to cultivate 4,225 acres of vegetables during the monsoon cropping season, and 4,356 acres have already been planted. At present, the cultivated acreage has exceeded the target. The vegetables include mustard, chilli, spices, potatoes, cauliflower, eggplant and cabbage. Farmers are being provided with technical guidance to grow all vegetables in accordance with Good Agricultural Practices (GAP). They are also being given guidance on cultivating vegetables in a health-conscious manner with minimum chemical residues," said Daw Khin San, Head of the Wetlet Township Agriculture Department.

This year, the Wetlet Township Agriculture Department has been providing vegetable farmers with technical training on GAP-based cultivation, guidance to ensure that vegetables produced from the farms are safe and healthy for consumption, and assistance to encourage farmers to expand vegetable cultivation.

Vegetables of various kinds are cultivated seasonally every year in Wetlet Township. As the crops have been successfully cultivated, farmers are able to earn income for their families. The Township Agriculture Department is providing farmers who plan to grow vegetables with awareness and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

SK

Farmers grow more than 1,000 acres of rainfed paddy in Kyaukmyaung Sub-Township this year

KYAUKMYAUNG September 19

More than 1,000 acres of monsoon paddy have been planted in Kyaukmyaung Sub-Township of Sagaing Region, during this year's monsoon cropping season, according to records from the Kyaukmyaung Sub-Township Agriculture Department Office.

During the 2026-2027 monsoon cropping season, Kyaukmyaung Sub-Township set a target to cultivate 4,054 acres of monsoon paddy. Cultivation began in July this year, and a total of 1,312 acres have been planted so far.

"This year, Kyaukmyaung Sub-Township has set a target to cultivate more than 4,000 acres of monsoon paddy during the monsoon cropping season. More than 1,000 acres have been planted as of today. We are taking measures to ensure that the target acreage is fully cultivated. We will provide the necessary technologies and seeds for monsoon paddy cultivation. We are also conducting field activities to help farmers plant monsoon paddy on time," said Daw Po, Head of the Kyaukmyaung Sub-Township Agriculture Department.

During this year's monsoon cropping season, the relevant Agriculture Department and local farmers are working together to ensure that monsoon paddy is systematically cultivated without difficulties.

In the sub-township, monsoon paddy farmers are being provided with agricultural technology, awareness on preventing pest infestations, guidance to prevent crop damage and losses, and reminders to ensure that harvested paddy is transported under shelter in a timely manner.

To ensure successful growth and good yields of the monsoon paddy cultivated in Kyaukmyaung Sub-Township this year, staff from the Agriculture Department are conducting field activities and providing technical guidance on selecting and cultivating quality and pure seeds, monitoring for pest infestations, harrowing and weeding, removing off-type plants, and systematically applying fertilizers.

SMK

Rainfed paddy planted in more than 20,000 acres of farmlands in Pinlebu Township

PINLEBU September 19

Local farmers grew 20,825 acres of rainfed paddy as monsoon crops in Pinlebu Township of Sagaing Region this year, according to the Kawlin District Agriculture Department.



During the 2026-2027 monsoon crop season, Pinlebu Township has earmarked 61,227 acres for rainfed paddy cultivation. Planting of rainfed paddy began in June this year, and 20,825 acres have been planted as of today.

"This year, more than 61,000 acres of rainfed paddy have been earmarked for cultivation in Pinlebu Township during the monsoon crop season. More than 20,000 acres have been planted as of today. We are making arrangements to ensure that the targeted acreage is fully planted. We will provide the necessary agricultural techniques and quality seeds for rainfed paddy cultivation. We are also conducting field activities to help farmers plant rainfed paddy on time," said Daw Mar Cho, Head of the Agriculture Department of Kalay District.

During this year's monsoon crop season, the relevant Township Agriculture Department and local farmers are working together to ensure that rainfed paddy is systematically cultivated without difficulties.

In Pinlebu Township, agricultural knowledge and techniques are being provided to rainfed paddy farmers, along with awareness-raising on pest prevention, measures to prevent crop damage and losses, and timely storage of harvested paddy under shelter.

To ensure successful growth and good yields of the rainfed paddy cultivated in Pinlebu Township this year, officials from the Township Agriculture Department are conducting field activities and providing agricultural guidance on selecting and cultivating quality and pure seeds, monitoring and preventing pest infestations, puddling and weeding, removing offtype plants, and applying fertilizers systematically. **SMK**

More than 6,000 acres of vegetables planted in Kalay Township

KALAY September 19

Agricultural data from Kalay Township Department of Agriculture stated that local farmers grew 6,742 acres of vegetables as monsoon crops in Kalay Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Kalay Township has earmarked 8,014 acres for vegetable cultivation. Planting of vegetables began in May this year, and 6,742 acres have been planted as of today.

"This year, more than 8,000 acres of vegetables have been earmarked for cultivation in Kalay Township during the monsoon crop season, and 6,742 acres have already been planted. We are making arrangements to ensure that the targeted acreage is fully planted. The crops include mustard greens, chilli, spices, potato, cabbage, eggplant and cauliflower. Farmers are being provided with technical guidance to cultivate all vegetables in accordance with Good Agricultural Practices (GAP)," said Daw Marn Ewe, Head of the Kalay Township Agriculture Department.

This year, the Kalay Township Agriculture Department is providing vegetable farmers with technical training on GAP-based cultivation, guidance on producing vegetables that are safe and suitable for consumption, and support to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in Kalay Township, providing successful harvests and income for farming families. The Township Agriculture Department is providing farmers who plan to grow vegetables with guidance on proper cultivation methods, preventing pest infestations, and preparing and using organic fertilizers, natural pesticides and pest repellents. **SMK**

Katha District manages cultivation of maize and sweet corns

KATHA September 19

Statistics of Katha District Agriculture Department stated that local farmers planted 2,674 acres of maize in Katha District of Sagaing Region this year.

During the 2026-2027 monsoon crop season, Katha District has earmarked a total of 5,691 acres for maize and sweet corn cultivation across its townships. Planting began in May this year, and as of today, 587 acres of maize and 497 acres of sweet corn have been planted in Katha Township; 920 acres of sweet corn in Indaw Township; 210 acres of sweet corn in Htigyaing Township; and 460 acres of sweet corn in Bamauk Township, totaling 2,674 acres, it is learnt.

During the 2026-2027 monsoon crop season, the township-wise targets for maize and sweet corn cultivation in Katha District are 2,947 acres of maize and 1,725 acres of sweet corn in Katha Township; 65 acres of maize and 500 acres of sweet corn in Indaw Township; 129 acres of maize and 125 acres of sweet corn in Htigyaing Township; and 200 acres of sweet corn in Bamauk Township, totaling 5,691 acres.

This year, the township-level Agriculture Departments in Katha District are providing training and conducting field demonstrations for farmers cultivating maize and sweet corn. They are also raising awareness of preventive measures against fall armyworm and promoting the use of neem-based pesticides as well as ginger- and chilli-based pest control methods as part of integrated pest management practices, along with other agricultural techniques.

In Katha District, maize cultivation produces more than 50 baskets per acre, with cultivation costs amounting to about Ks-500,000 per acre. **SK**

Sagaing Region sees cultivation of more than 2,000 acres of chilli

SAGAING September 19

The regional Agriculture Department stated that local farmers planted more than 2,000 acres of chilli as monsoon crops in Sagaing Region this year.



During the 2026-2027 monsoon crop season, Sagaing Region has earmarked 5,993 acres for chilli cultivation. Planting began in May this year, and 2,471 acres have been planted as of today.

This year, chilli cultivation completed by district in Sagaing Region stands at 42 acres in Mawlaik District, 68 acres in Khamti District, 336 acres in Homalin District, 801 acres in the Naga Self-Administered Zone, 422 acres in Monywa District, 231 acres in Yinmabin District, 132 acres in Shwebo District, 121 acres in YeU District, 27 acres in Kanbalu District, 175 acres in Sagaing District, 95 acres in Katha District and 21 acres in Kawlin District, totalling 2,471 acres.

For the 2026-2027 monsoon crop season, the chilli cultivation targets in Sagaing Region are 45 acres in Mawlaik District, 68 acres in Khamti District, 309 acres in Homalin District, 756 acres in the Naga Self-Administered Zone, 1,452 acres in Monywa District, 1,095 acres in Yinmabin District, 145 acres in Shwebo District, 238 acres in YeU District, 15 acres in Kanbalu District, 1,731 acres in Sagaing District, 109 acres in Katha District and 30 acres in Kawlin District, totaling 5,993 acres.

Officials from the respective District and Township Agriculture Departments are providing chilli farmers with technical guidance on cultivation methods to achieve good yields and secure markets, pest prevention and control, and improving soil fertility and nutrient conditions.

The cost of cultivating chilli from planting until fruiting is about Ks-1.5 million per acre when farmers use their own farmland, while it is about Ks-2.5 million per acre when cultivating on rented land. Chilli is harvested once every 15 days and can be harvested for up to six months. **SK**

More US troops died in Iran war than Pentagon disclosed – WaPo



WASHINGTON September 19

The number of US service members who have died while deployed in the Middle East since the start of the Iran war is higher than the Pentagon's public tally, the Washington Post reported on Friday, citing military sources. The Pentagon's public casualty database may be missing as many as five military fatalities, according to the report.

As of Friday, the Pentagon's Defence Casualty Analysis System (DCAS) listed 18 US military fatalities, including deaths from hostile and non-hostile action since the Iran war began on February 28.

Five sources, however, told the outlet there have been at least 22 military fatalities, while a sixth put the toll even higher, saying 23 service members have died since the war began. Not all of the additional deaths were directly tied to the conflict, the official said, but involved US personnel stationed in the Middle East amid the ongoing hostilities. Three US contractors based in the region have also died since combat operations began, the official added.

It is unclear whether the discrepancy was intended to downplay the war's toll or stemmed from administrative procedures for classifying military deaths.

The US administration's casualty accounting already faced scrutiny in July, when the Pentagon briefly removed four Iran war deaths from its public tally during a since-failed ceasefire – three troops killed in an Iranian missile strike on a US base in Jordan and another killed the next day during a controlled detonation of an Iranian drone in Iraq. The Pentagon blamed a data-processing error after the removals drew congressional scrutiny. The deaths later reappeared alongside some 207 wounded personnel, but under "Overseas Contingency Operations" rather than Operation Epic Fury, the administration's name for the Iran war.

Separately, the Pentagon said two US service members have died in the Middle East since February on missions unrelated to the war. Sgt. Devin Seibel was killed in a training accident in Irbil, Iraq, on May 31, while Maj. Sorffly Davius died after an unspecified medical emergency in Kuwait on March 6. Neither is named in DCAS, despite dying at bases attacked by Iranian forces.

The Washington Post said the Pentagon declined to address its questions about the discrepancies. **RT**

Uzbekistan starts key highway upgrade with Chinese firm

TASHKENT September 19

A project to upgrade a key section of the A380 highway in Uzbekistan, undertaken by China Railway 20th Bureau Group Corporation Limited, was officially launched on Friday.

Uzbek President Shavkat Mirziyoyev expressed his wishes for the smooth implementation of the project while addressing the groundbreaking ceremony via video link.



The highway serves as a vital transportation artery in Uzbekistan. The project covers the 581-673 km section of the highway, which will be widened and upgraded from an aging two-lane road to improve traffic capacity and safety standards.

According to the contractor, the project is scheduled for completion and opening to traffic in 2029. **Xinhua**

Google's Gemini hacks 3 real companies in security test

SAN FRANCISCO September 19

Google confirmed Friday that its Gemini artificial intelligence (AI) model accessed the protected systems of three real companies during a cybersecurity test in May, mistakenly treating them as authorized targets.

Heather Adkins, Google's vice president of security engineering, said in a statement that during a standard evaluation, Gemini used publicly available information on the internet and guessed login credentials to access three websites it believed were part of the authorized test environment.

Google said the model stopped further activity after determining that the systems belonged to real companies.

"We ensured the three entities were made aware," Adkins said, adding that Google had worked with the testing partner to adjust its testing procedures.

According to The Wall Street Journal, the testing was conducted by AI security evaluation company Irregular. In one test run, Gemini repeatedly tried passwords before gaining access to a protected real-world system. In two other runs, the model found exposed login credentials in publicly available repositories and used them to access systems belonging to other companies.

Irregular said in an earlier report that the tests were designed around a fictional company, but human error caused the fictional name to overlap with a real-world internet domain. At the same time, internet access was unintentionally available in some of the testing environments, allowing AI models to mistake real-world targets for part of the simulated exercise.

Irregular said the known issues had since been fixed, affected parties had been notified and additional safeguards had been introduced to prevent similar incidents.

Google said that the incidents caused no damage to the companies involved and that it did not consider the behavior an instance of model misalignment. **Xinhua**

Trump signs Russia sanctions bill into law

WASHINGTON September 19

U.S. President Donald Trump on Friday signed a Russia sanctions bill into law, according to a White House release.

Named the "Lindsey O. Graham Sanctioning Russia and Iran Act of 2026," the act authorizes and expands statutory sanctions, tariffs and prohibitions on Russia and extends existing sanctions on Iran, the release said.

The U.S. House of Representatives passed the bill on Wednesday after the Senate passed it on August 7.

The measure would impose sanctions on Russian officials, banks and vessels used to transport Russian energy. It also authorizes Trump to impose tariffs of up to 100 percent on goods from the five largest importers of Russian oil or natural gas.

The measure also extends the Iran Sanctions Act by five years, maintaining sanctions targeting Iran's energy and weapons sectors.

The act is seen as a legacy of late Senator Lindsey Graham, who pushed for the legislation and passed away in July after a brief and sudden illness.

A recent joint statement by three Democratic members in the House of Representatives said the act "would do more harm than good," and would "dramatically expand presidential tariff authorities while failing to mandate sanctions on Russia." **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Top 5 Tips for Social Media Manager to Help You Schedule Your Day

The world of social media is dynamic and ever-changing, and marketers use these platforms to their advantage. Social media is an indisputable component of businesses, and with firms using several social media platforms, keeping track of everything can be challenging. Social media managers are necessary for every business to maintain strong brands and keep ahead of the competition.

In today's internet space, social media managers have become indispensable. A social media manager is required if you want your brand to effectively manage, develop, and implement social media strategies. It takes a lot of effort to keep track of these developments on a daily basis. To ensure that brands remain successful on social media platforms organization is a key to staying on top of content, trends, and communications. You won't be able to stay on top of the content and tasks without being organized.

Here are five tips to help social media managers plan their days and stay organized.

Plan and Implement a Social Media Strategy

Because social media runs daily, social media managers must keep up with what's going on with their channels and current news trends, and create a solid social media plan. Managers should define specific goals and objectives for their brands on social media to achieve goals and objectives. Create a content schedule and daily updates to a to-do list to stay organized and manage all the different posts you need to generate for your various social media accounts. Keeping a content schedule up to date is crucial to its effectiveness.

The Engagement Tool

Brands may better understand consumer preferences by engaging audiences across various social media platforms. A social media manager should increase the number of followers and the number of engaged followers. Finding new consumers is the first stage in any business. The better you understand your audience, the more effective your social media marketing will be. A social media manager should assess product feedback given in the form of tweets and comments, and monitor social media platforms to discover people interested in the product and services. Long-term consumer loyalty depends on engagement with the audience and fast response. All of this adds up to a wider consumer base and more sales.

The Stage of Analyzing and Planning

With the social media posts out of the way, social media managers can focus on analyzing the performance of their campaigns and developing new ideas. Tracking the success of social media campaigns is an excellent way to guarantee that new strategies and content created for current and developing platforms are in place. Messages from brands are presented uniformly across all social media platforms.

Keep Track of Your Social Media Performance and Trends



Social media managers should monitor trends on social media platforms because they change quickly and can lose relevance. What was relevant for a few minutes may be irrelevant now. As a result, it's critical to keep an eye on the consumer's popular hashtags, reviews, and online activities throughout the day. Knowing how customers feel about a brand's products can aid in creating content and marketing strategies.

Competition is essential for a successful social media marketing plan. Social media managers must be aware of their competitors' marketing strategies and the types of content that attract more attention. It is important to monitor competitors' activity to receive an equal or greater presence on social media platforms. Given this, social media managers must make this a daily task.

Curation of Content, Scheduling of Content, and Evaluating Results

Social media managers must constantly generate and publish informative content to attract and retain a social media audience. Without a doubt, content creation is most important in the social media circle. However, it's vital to feed the audience with new, original, high-quality materials on individual social media platforms.

For audiences, content creation is insufficient. Every competent social media manager has the advantage of knowing when to deliver interactive content when your audience is most engaged. Furthermore, providing consistent content is the key to having social media presence. As a result, content scheduling is a critical daily task for a social media manager. Regular social media trend research, content production, and scheduling can help you identify prospective brand influencers. Analyzing social media performance can be a difficult task for a social media manager. It is, nonetheless, critical when deciding which activities to keep and which to discard.

It's practically impossible for social media managers to categorize significant data that can be beneficial to the audience's behavior about brands because of the vast volume of data available on social media. New followers, industry trends, audience comments, and brand reactions will all be overlooked if data management is not carried out adequately. Given this, strategies should have their outcomes measured.

In conclusion defined strategies, content curation, posting and scheduling content, monitoring a brand's performance, and much more are all part of social media marketing. These are not one-time tasks that can be completed at any time. A social media manager must be dedicated and work on a daily basis. A daily calendar is packed with duties that require extensive research and comprehension; as a result, it's easy to become engrossed in some responsibilities while neglecting others. Therefore, having a daily schedule will help to streamline the social media manager's day.

YT Mag;



ရှားပါးဂုဏ်ပြုမှုအဖြစ် ထရမ့်က ရှီကျင့်ဖျင်ကို လေဆိပ်၌ ကိုယ်တိုင်ကြိုဆိုမည်

ဝါရှင်တန်၊ ဆက်ဆံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့် စက်တင်ဘာလ ၂၃ ရက်တွင် အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် အဖြစ်ရောက်ရှိလာမည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ဝါရှင်တန်မြို့အနီးရှိ Joint Base Andrews လေဆိပ်၌ ကိုယ်တိုင်သွားရောက်ကြိုဆိုမည်ဖြစ်ကြောင်း အမေရိကန်အရာရှိတစ်ဦးက အတည်ပြုထားသည်။

ယင်းအစီအစဉ်သည် အမေရိကန်သမ္မတ တစ်ဦးအနေဖြင့် နိုင်ငံခြားခေါင်းဆောင်တစ်ဦးကို လေဆိပ်အထိ ကိုယ်တိုင်သွားရောက်ကြိုဆိုခြင်းမှာ ရှားပါးသည့်သံတမန်ရေးရာ ဂုဏ်ပြုမှုတစ်ရပ်ဖြစ်သည်။ အမေရိကန်သမ္မတသည် နိုင်ငံခြားခေါင်းဆောင်များကို လေဆိပ်၌ကိုယ်တိုင်သွားရောက်ကြိုဆိုလေ့မရှိဘဲ အိမ်ဖြူတော်တွင်သာ တရားဝင်ကြိုဆိုလေ့ရှိသည်။

ရှီကျင့်ဖျင်၏ လေယာဉ်သည် စက်တင်ဘာလ ၂၃ ရက် ညနေ ၄ နာရီခန့်တွင် Joint Base Andrews သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

ရှီကျင့်ဖျင်၏ အမေရိကန်ခရီးစဉ်အတွင်း ထရမ့်နှင့် တရားဝင်တွေ့ဆုံဆွေးနွေးမှုများ အပြင် အိမ်ဖြူတော်၌ နိုင်ငံတော်အဆင့် ကြိုဆိုပွဲနှင့် ညစာစားပွဲများလည်း ပြုလုပ်ရန် စီစဉ်ထားသည်။ ဆွေးနွေးမည့် အဓိကအကြောင်းအရာများတွင် အမေရိကန်-တရုတ် ကုန်သွယ်ရေး၊ မြေရှားသတ္တုများ၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကိစ္စရပ်များပါဝင်မည်ဖြစ်သည်။ ယခုလိုထရမ့်က ရှီကျင့်ဖျင်ကို လေဆိပ်အထိ ကိုယ်တိုင်သွားရောက်ကြိုဆိုမည့် အစီအစဉ်သည် အမေရိကန်-တရုတ် ဆက်ဆံရေးအတွင်း အဆင့်မြင့်သံတမန်ရေးရာ ထိတွေ့ဆက်ဆံမှုများပြန်လည်မြင့်တက်လာမှုကိုထင်ဟပ်စေသည့် အစီအစဉ်တစ်ရပ်လည်း ဖြစ်လာသည်။

Ref: SCMP

ဂရင်းလန်း၏ အချုပ်အခြာအာဏာ မထိခိုက်စေဘဲ အမေရိကန်နှင့် လုံခြုံရေးသဘောတူညီချက်ရရှိ

ကိုပင်ဟောင်၊ လုံခြုံရေး

ဒိန်းမတ်နှင့် ဂရင်းလန်းဒေသတို့က ဂရင်းလန်း၏အချုပ်အခြာအာဏာကိုမထိခိုက်စေဘဲ အမေရိကန်နှင့် လုံခြုံရေးသဘောတူညီချက်ရရှိခြင်းဖြစ်ကြောင်း စက်တင်ဘာလ ၁၉ ရက်တွင်ပြောသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ယခုရရှိသည့်သဘောတူညီချက်အရ ဂရင်းလန်း၏ လုံခြုံရေးအပေါ် အမေရိကန်က အမြဲတမ်းထိန်းချုပ်ခွင့်ရှိမည်ဟုပြောဆိုပြီးနောက် ဒိန်းမတ်နှင့်ဂရင်းလန်းတို့၏ ယခုကဲ့သို့ပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်၊ ဒိန်းမတ်နှင့် ဂရင်းလန်းဒေသတို့သည် စက်တင်ဘာလ ၁၈ ရက်က အဆိုပါသဘောတူညီချက်ကို ရရှိကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ထိုသဘောတူညီချက်အရ အာတိတ်ဒေသရှိ ဂရင်းလန်းတွင် အမေရိကန်၏စစ်ရေးတည်ရှိမှုကို ပိုမိုတိုးမြှင့်ခွင့်ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်၏ ပြိုင်ဘက်နိုင်ငံများကို ဂရင်းလန်းတွင် စစ်အခြေစိုက်စခန်းများ တည်ဆောက်ခြင်းနှင့် အချို့အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းကိုတားမြစ်ရန်လည်း စီစဉ်ထားသည်။

သို့သော် သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို လက်ရှိအချိန်အထိ အပြည့်အစုံထုတ်ပြန်ထားခြင်းမရှိသေးပေ။ အထူးသဖြင့် ဂရင်းလန်းဒေသ၌ အမေရိကန်၏စစ်ရေးအရ တည်ရှိမှုအတိုင်းအတာနှင့် နိုင်ငံခြားရေးမူဝါဒ၊ သဘာဝအရင်းအမြစ်များအပေါ် အမေရိကန်က တရားဝင်အာဏာတစ်စုံတစ်ရာ ရရှိမည်၊ မရရှိမည်ဆိုသည်မှာ ရှင်းလင်းခြင်းမရှိသေးကြောင်း သိရသည်။

သဘောတူညီချက်ကို မကြာမီကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လက်မှတ်ရေးထိုးရန် မျှော်မှန်းထားသည်။ NATO ကလည်း ထိုသဘောတူညီချက်ကို ကြိုဆိုပြီး အာတိတ်နှင့်မြောက်အတ္တလန္တိတ်ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန် အထောက်အကူပြုမည်ဟုပြောထားသည်။ **Ref: ST**



ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက်မှု သေဆုံးသူ ၃၁ ဦးအထိ မြင့်တက်လာ

အစ္စလာမ်မာဘတ်၊ တိုက်ခိုက်မှု

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တန်ခွာပြည်နယ် ကိုဟတ်ခရိုင်ရှိ ရဲတပ်ဖွဲ့ဝင်များနေထိုင်ရာဝင်းအတွင်း ဗုံးခွဲတိုက်ခိုက်မှုနှင့် လက်နက်ကိုင်အဖွဲ့၏ ဝင်ရောက်တိုက်ခိုက်မှုတို့ဖြစ်ပွားရာ သေဆုံးသူ ၃၁ ဦးအထိ မြင့်တက်လာကြောင်း ကယ်ဆယ်ရေးအဖွဲ့က စက်တင်ဘာလ ၁၉ ရက်တွင်ပြောသည်။

သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး၊ အရပ်သားခြောက်ဦးနှင့် တိုက်ခိုက်သူ ရှစ်ဦး ပါဝင်ကြောင်း သိရသည်။ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအပါအဝင် လူ ၁၃၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံအသီးသီးသို့ ပို့ဆောင်ကုသပေးထားသည်။ အဆိုပါတိုက်ခိုက်မှုသည် စက်တင်ဘာလ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

Ref: Xinhua

အီရန်စစ်ပွဲအတွက် အမေရိကန်နိုင်ငံ၏ ကုန်ကျစရိတ် ဒေါ်လာ ၄၃ ဒသမ ၆ ဘီလီယံအထိ ရှိလာ



ဝါရှင်တန်၊ စစ်ရေး

အီရန်နှင့် ဖြစ်ပွားနေသည့် စစ်ပွဲအတွက် အမေရိကန်၏ ကုန်ကျစရိတ်သည် စက်တင်ဘာလ ၃ ရက်အထိ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆ ဘီလီယံအထိရှိလာကြောင်း အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်က လွှတ်တော်သို့ပေးပို့သည့် ကုန်ကျစရိတ်ဆိုင်ရာအချက်အလက်များအရသိရကြောင်း ဒေသတွင်းသတင်းဌာနများက စက်တင်ဘာလ ၁၈ ရက်တွင်ဖော်ပြထားသည်။

အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်၏ ခန့်မှန်းချက်အရ အဆိုပါပဋိပက္ခတွင် စစ်ဆင်ရေးများအတွက် ဒေါ်လာ ၁၁ ဒသမ ၂ ဘီလီယံခန့်၊ အသုံးပြုပြီးသွားသည့် လက်နက်ခဲယမ်းများကို ပြန်လည်ဖြည့်တင်းရန် ဒေါ်လာ ၂၈ ဒသမ ၁ ဘီလီယံနှင့် စစ်လက်နက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအတွက် ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ ပါဝင်သည်။ ထို့ကြောင့် စုစုပေါင်းကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံနီးပါးသည် လက်နက်ခဲယမ်းများ ပြန်လည်ဖြည့်တင်းရန် လိုအပ်သည့် အသုံးစရိတ်ဖြစ်သည်။

အဆိုပါစာရင်းတွင် လောင်စာဆီကုန်ကျစရိတ်နှင့် အခြားသော အသုံးစရိတ်များပါဝင်သော်လည်း အီရန်၏တုံ့ပြန်တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရန် ကုန်ကျမည့်အသုံးစရိတ်များမပါဝင်သေးကြောင်း ဖော်ပြထားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ယခုသီတင်းပတ်အစောပိုင်း ထုတ်ပြန်ချက်အရ အီရန်၏ ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုများကြောင့် ကူဝိတ်၊ ဘာရိန်း၊ ကာတာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ အိုမန်နှင့် ဂျော်ဒန်နိုင်ငံတို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းများ၌ အခြေခံအဆောက်အဦနှင့် အခြားအဆောက်အအုံဆိုင်ရာပစ္စည်းများနှင့်ချီပျက်စီးခဲ့ကြောင်းသိရသည်။ စစ်ပွဲတွင် လက်နက်ခဲယမ်းအလွန်အကျွံအသုံးပြုခဲ့ခြင်းကြောင့် အမေရိကန်၏ မဟာဗျူဟာမြောက်လက်နက်များလည်း များစွာလျော့နည်းနေပြီဖြစ်ကြောင်း စစ်ဆေးရေးအဖွဲ့ကထုတ်ပြန်ထားသည်။


Ref: RT

Gemini AI က ကုမ္ပဏီအစစ် သုံးခု၏ လုံခြုံရေးစနစ်ကို ချိုးဖောက်ဝင်ရောက်

ဆန်ဖရန်စစ္စကို၊ နည်းပညာ

Google ကုမ္ပဏီကထုတ်လုပ်ထားသော ဉာဏ်ရည်တုနည်းပညာတစ်ခုဖြစ်သည့် Gemini AI သည် လုံခြုံရေးဆိုင်ရာစမ်းသပ်စစ်ဆေးမှုတစ်ခုအတွင်း ကုမ္ပဏီအစစ် သုံးခု၏လုံခြုံရေးစနစ်ကိုချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း အဆိုပါကုမ္ပဏီက စက်တင်ဘာလ ၁၈ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုဖြစ်စဉ်သည် မေလတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး Gemini AI သည် ဆိုက်ဘာလုံခြုံရေးစစ်ဆေးမှုလုပ်စဉ် အဆိုပါကုမ္ပဏီသုံးခု၏ လုံခြုံရေးစနစ်များကို တရားဝင်သတ်မှတ်ပေးထားသည့် ပစ်မှတ်များအဖြစ် အထင်မှားကာ ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း Google ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သို့သော် Gemini AI သည် ကုမ္ပဏီအစစ်များကို ချိုးဖောက်ဝင်ရောက်နေကြောင်းသိရှိပြီးနောက် ရှေ့ဆက်ဆောင်ရွက်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ကြောင်းနှင့် ထို ကုမ္ပဏီများကိုလည်း အကြောင်းကြားခဲ့ကြောင်းသိရသည်။ **Ref: Xinhua**



ဇီမ်ခံညှော့ခန်းလို သက်သောင့်သက်သာနဲ့ မောင်းနှင်နိုင်တဲ့ Li Auto i9

Li Auto က မိသားစုသုံးဇီမ်ခံကားနဲ့ ပြိုင်ကားစွမ်းဆောင်ရည်ကို ကားတစ်စီးတည်းမှာပေါင်းစပ်ထားတဲ့ လျှပ်စစ် SUV မော်ဒယ်အသစ် Li i9 ကို မိတ်ဆက်လိုက်ပါတယ်။ ဈေးနှုန်းက ယွမ် ၃၆၉၈၀၀ ခန့် ကနေစတင်ပါတယ်။ Li i9 ဟာ အရှည် ၅၀၅ ဒသမ ၇ လက်မရှိတဲ့ အကြီးစား SUV ဖြစ်ပြီး လေထုခုခံအားကိန်း သုည ဒသမ ၂၁၅ ရှိတာကြောင့် ထုတ်လုပ်ရောင်းချနေတဲ့ SUV တွေထဲမှာ လေခွင်းအားအကောင်းဆုံးမော်ဒယ်တစ်ခုဖြစ်လာပါတယ်။

ကားအတွင်းပိုင်းမှာတော့ Zero-gravity ထိုင်ခုံလေးလုံးကို တစ်ပြိုင်နက်သုံးနိုင်သလို ဒုတိယတန်းထိုင်ခုံတွေကို လှည့်နိုင်အောင် တပ်ဆင်ထားတာကြောင့် ခရီးသွားနေရင်း ညှော့ခန်းတစ်ခုလို အသုံးပြုနိုင်ပါတယ်။ ကားမှာ ရေခဲသေတ္တာငယ်တစ်လုံး၊ စပီကာ ၂၉ လုံးပါ ၄၉၆၈၀ ဝပ်အားရှိတဲ့ အသံစနစ်နဲ့ နောက်ခန်းဖျော်ဖြေရေးစနစ်တွေပါဝင်ပါတယ်။ မော်တာနှစ်လုံးက မြင်းကောင်ရေ ၅၃၆ ကောင် အားထုတ်ပေးနိုင်ပြီး သုည မှ ၆၂ မိုင် အမြန်နှုန်းအထိကို ၄ ဒသမ ၉ စက္ကန့်အတွင်း အရှိန်မြှင့်နိုင်ပါတယ်။

၁၈၁ ကီလိုဝပ်နာရီရှိတဲ့ဘက်ထရီကို အသုံးပြုထားပြီး အမြန်အားသွင်းစနစ်နဲ့ ၁၈ မိနစ်ခန့်အတွင်း ၃၁၁ မိုင်အကွာအဝေး အထိသွားနိုင်လောက်အောင် အားပြန်ဖြည့်နိုင်ကြောင်း ကုမ္ပဏီကဖော်ပြထားပါတယ်။ ဒါ့အပြင် LiDAR စနစ်များအပါအဝင် ခေတ်မီနည်းပညာများကိုလည်း ထည့်သွင်းထားပါတယ်။ **Ref: EA**

ကိုထက်


စမတ်ဖုန်းသုံးချိန်ထက် ပိုမိုအန္တရာယ်ရှိနိုင်တဲ့ အလေ့အထတစ်ခု

စမတ်ဖုန်းကို တစ်နေ့တာအတွင်း အချိန်ဘယ်လောက်ကြာကြာ အသုံးပြုသလဲဆိုတာထက်ဖုန်းကိုင်ထားပြီး အကြောင်းအရာအသစ်တွေကို အထက်အောက်အဆက်မပြတ်ဆွဲကြည့်နေတတ်တဲ့ အလေ့အထတစ်ခုက ပိုမိုစိုးရိမ်စရာဖြစ်နိုင်ကြောင်း Semmelweis University မှ သုတေသီများရဲ့ လေ့လာမှုက ဖော်ပြထားပါတယ်။

သုတေသနမှာ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိလူငယ်များကို လေ့လာခဲ့ပြီး ဖုန်းအသုံးပြုချိန်၊ အသုံးပြုပုံ၊ အာရုံစူးစိုက်နိုင်မှု၊ မှတ်ဉာဏ်နဲ့ စိတ်ပိုင်းဆိုင်ရာအခြေအနေတွေကို စစ်ဆေးခဲ့ပါတယ်။ ရလဒ်အရ ဖုန်းကိုအသုံးပြုချိန် ကြာတာတစ်ခုတည်း ထက် လူမှုကွန်ရက်ပေါ်က အကြောင်းအရာတွေ၊ ဗီဒီယိုတိုတွေကို ရပ်နားခြင်းမရှိဘဲ အဆက်မပြတ်ဆွဲကြည့်လေ့ရှိတဲ့ အလေ့အထက အာရုံစူးစိုက်မှုနဲ့ မှတ်ဉာဏ်အပေါ် ပိုမိုသက်ရောက်နိုင်ကြောင်း တွေ့ရှိခဲ့ပါတယ်။

တစ်ဖက်မှာလည်း ဖုန်းအသုံးပြုချိန်များခြင်းဟာ ကိုယ်ခန္ဓာပိုင်းသက်ရောက်မှုတွေနဲ့ ပိုမိုဆက်စပ်နေကြောင်း တွေ့ရှိခဲ့ပါတယ်။ အထူးသဖြင့် ဖုန်းကို အောက်ငုံ့ကြည့်လေ့ရှိခြင်းက text neck ဖြစ်စေပြီး လည်ပင်းနဲ့ ခန္ဓာကိုယ်ဟန်ချက်ကို ထိခိုက်စေနိုင်ပါတယ်။ ဒါပေမဲ့ ယခုလေ့လာမှုက ဆက်စပ်မှုကိုသာဖော်ပြထားတာဖြစ်တယ်လို့ သုတေသီများကဆိုပါတယ်။ **Ref: STD**

ကိုထက်




တရုတ် J-36 တိုက်လေယာဉ်အတွက် စွမ်းအင်မြင့်လေဆာလက်နက်

တရုတ်နိုင်ငံက တည်ဆောက်နေဆဲဖြစ်တဲ့ ဆဋ္ဌမမျိုးဆက် J-36 တိုက်လေယာဉ်မှာ စွမ်းအင်မြင့် လေဆာလက်နက်စနစ်အသုံးပြုနိုင်မယ့် အရိပ်အယောင်တစ်ရပ်ကို ပြသလိုက်ပါတယ်။ ပေကျင်းမြို့မှာ ကျင်းပခဲ့တဲ့ China International Defence Electronics Exhibition မှာ AVIC ရဲ့ သုတေသနဌာနက တိုက်လေယာဉ်သုံး လေဆာလက်နက် ခြေရာခံနဲ့ ချိန်ရွယ်စနစ်ကို ပြသခဲ့တာပါ။


သုတေသနဌာနကပြသထားတဲ့စနစ်ဟာ အလေးချိန် ၃၈၀ ကီလိုဂရမ်အောက် ရှိပြီး စွမ်းအင်ထုတ်လွှတ်မှုကို "*00kW" လို့ ဖော်ပြထားတာကြောင့် အနည်းဆုံး ၁၀၀ ကီလိုဝပ်အထက်ဖြစ်နိုင်တယ်လို့ လေ့လာသူတွေက သုံးသပ်ထားပါတယ်။ ဒါပေမဲ့ တိကျတဲ့ စွမ်းဆောင်ရည်နဲ့ ချိန်ရွယ်တိကျမှုဆိုင်ရာ အချက်အလက်အချို့ကိုတော့ တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးပါဘူး။

အခုပြသသွားတဲ့အထဲမှာမှ J-36 လို့ အများကခေါ်ဝေါ်ထားတဲ့ လေယာဉ်ပုံနဲ့ လေဆာလက်နက်စနစ်ကို တွဲဖက်ဖော်ပြထားပါတယ်။ အဲဒီလေဆာစနစ်ဟာ လာမယ့် J-36 မျိုးဆက်တွေမှာ ဒုံးကျည်တိုက်ခိုက်မှုကနေ လေယာဉ်ကိုကာကွယ်ပေးနိုင်တဲ့ စနစ်တစ်ခုအဖြစ် အသုံးပြုဖို့ ရည်ရွယ်ထားနိုင်ပေမယ့် လက်ရှိအချိန်မှာတော့ J-36 ပေါ် တကယ်တပ်ဆင်အသုံးပြုနေပြီဆိုတဲ့အတည်ပြုချက်မရှိသေးဘူးလို့ လေ့လာသူများကသုံးသပ်ထားတာတွေ့ရပါတယ်။ **Ref: IE**

ကိုထက်



ပင်လယ်ရေမှဟိုက်ဒရိုဂျင်ထုတ်လုပ်ပြီး အဆိပ်ဖယ်ရှားနိုင်တဲ့စက်



စင်ကာပူနိုင်ငံ Nanyang Technological University (NTU) မှ သိပ္ပံပညာရှင်တွေဟာ နေရောင်ခြည်ကိုအသုံးပြုပြီး ပင်လယ်ရေမှ ဟိုက်ဒရိုဂျင်ထုတ်လုပ်နိုင်သလို စက်မှုလုပ်ငန်းသုံးအဆိပ်အတောက်ဖြစ်တဲ့ ဟိုက်ဒရာဇင်းကိုပါ တစ်ပြိုင်နက်ဖယ်ရှားပေးနိုင်တဲ့ အရွက်ပုံစံစက်တစ်မျိုးကို ဖန်တီးလိုက်ပါတယ်။ အဲဒီစနစ်ဟာ ပြင်ပကနေလျှပ်စစ်ဓာတ်အားထပ်မံပေးစရာမလိုဘဲ နေရောင်ခြည်ကနေသာ လိုအပ်တဲ့စွမ်းအင်ကိုရယူအသုံးပြုနိုင်တာဖြစ်ပါတယ်။

ပုံမှန်အားဖြင့် ရေကိုလျှပ်စစ်ဓာတ်ခွဲတဲ့နည်းနဲ့ ဟိုက်ဒရိုဂျင်ကိုထုတ်လုပ်ရာမှာ ရေချိုနဲ့လျှပ်စစ်ဓာတ်အားလိုအပ်ပါတယ်။ ပင်လယ်ရေကို တိုက်ရိုက်အသုံးပြုတဲ့အခါ ဆားဓာတ်တွေကြောင့် လျှပ်ကူးပစ္စည်းပျက်စီးနိုင်ပြီး အဆိပ်အတောက်ဖြစ်စေတဲ့ ကလိုရင်းဒြပ်ပေါင်းတွေဖြစ်ပေါ်နိုင်ပါတယ်။ NTU သုတေသနအဖွဲ့က သံ၊ ကိုဘော့နဲ့ ခရိုမီယမ်တို့ပါဝင်တဲ့ ဓာတ်ကူပစ္စည်းစက်အသုံးပြုပြီး ဒီပြဿနာကိုဖြေရှင်းထားပါတယ်။

စမ်းသပ်မှုမှာ စက်ဟာ နေရောင်ခြည်အောက် ၇၂ နာရီကျော် ဆက်တိုက်အလုပ်လုပ်နိုင်ခဲ့ပြီး ဟိုက်ဒရိုဂျင်ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ရေထဲမှ ဟိုက်ဒရာဇင်းပမာဏကို အလွန်နည်းပါးတဲ့အဆင့်အထိ လျှော့ချနိုင်ခဲ့ပါတယ်။ သုတေသနအဖွဲ့က ဒီနည်းပညာသုံးပြီးအခြားညစ်ညမ်းပစ္စည်းကိုဖယ်ရှားကာ လောင်စာနဲ့စက်မှုကုန်ကြမ်းတွေ ထုတ်လုပ်နိုင်ဖို့ ဆက်လက်လုပ်ဆောင်နေပါတယ်။ **Ref: IE**

ကိုထက်

Galaxy S27 Pro နဲ့ S27 Ultra မှာ ဘက်ထရီပိုကြီးလာမယ်

Samsung ရဲ့ လာမယ့် Galaxy S27 စီးရီးထဲက S27 Pro နဲ့ S27 Ultra တို့ရဲ့ ဘက်ထရီပမာဏနဲ့ အားသွင်းစနစ်ဆိုင်ရာ အချက်အလက်တွေထွက်ပေါ်လာပါတယ်။ တရုတ်နိုင်ငံ 3C Certification မှတ်တမ်းတွေအရ ဖုန်းနှစ်မျိုးစလုံးမှာ 60W ကြိုးဖြင့်အားသွင်းစနစ်ပါဝင်လာနိုင်တယ်လို့ သိရပါတယ်။

ထပ်မံထွက်ပေါ်လာတဲ့ ဘက်ထရီမှတ်တမ်းတွေအရ Galaxy S27 Pro မှာ Rated Capacity 5087mAh ဘက်ထရီကို အသုံးပြုလာနိုင်ပြီး ရောင်းချရာမှာတော့ 5200mAh ဝန်းကျင်အဖြစ် ဖော်ပြလာနိုင်ပါတယ်။ Galaxy S27 Ultra မှာတော့ Rated Capacity 5534mAh ရှိတဲ့ ဘက်ထရီကို အသုံးပြုလာနိုင်ပြီး ဈေးကွက်မှာ 5700mAh ဝန်းကျင်အဖြစ် ကြော်ငြာလာနိုင်တယ်လို့ လေ့လာချက်တွေကဆိုပါတယ်။

အထူးသဖြင့် S27 Ultra ရဲ့ ဘက်ထရီဟာ လက်ရှိ Galaxy S26 Ultra ရဲ့ 5000mAh ရှိဘက်ထရီထက် ပိုမိုကြီးမားလာမှာဖြစ်ပါတယ်။ Samsung ရဲ့ Ultra မော်ဒယ်တွေမှာ 5000mAh ဘက်ထရီကို နှစ်အတော်ကြာ အသုံးပြုလာခဲ့တာကြောင့် ဒီပြောင်းလဲမှုကစိတ်ဝင်စားစရာဖြစ်လာပါတယ်။ ဒါပေမဲ့ Galaxy S27 စီးရီးကို တရားဝင်မိတ်ဆက်ဖို့ မတိုင်မီဖြစ်တဲ့အတွက် အဆိုပါအချက်အလက်တွေကို ပေါက်ကြားချက်အဖြစ်သာ သတ်မှတ်ထားရဦးမှာ ဖြစ်တယ်လို့ဆိုပါတယ်။ **Ref: GA**

ကိုထက်



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေရိပ်သာကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေရိပ်သာကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ သက်တော် ၉၉ နှစ် သိက္ခာ ၇၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် စက်တင်ဘာလ ၁၉ ရက် စနေနေ့ နံနက် ၁၁ နာရီ ၀၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။ **မြဝတီ**



နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ချမ်းမြေရိပ်သာကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တဇနကာဘိဝံသ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပျဉ်းမကျေးရွာ၊ ခမည်းတော် ဦးဖြူမင်း + မယ်တော် ဒေါ်ရွှေရည်တို့က ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ တောရဗိမာန်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်၊ ကုန်သည်ကြီး ဦးစိန်ညို+ဒေါ်လှနှစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာမြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်တွင်းကြီးမြို့၊ တောရဗိမာန်စာသင်တိုက်တို့၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေရိပ်သာကျောင်းတိုက် တည်ထောင်၍ တရားဟော တရားပြကမ္မဋ္ဌာနာစရိယ တာဝန်များဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာ ကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ် စသောစာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့၊ ချမ်းမြေရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ၊ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ စပရင်းဖီးမြို့၌လည်းကောင်း၊ ပဋိပတ္တိ ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ ဆရာတော်သည် နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ်(၇၀)ကျော် ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ၊ အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ယီတက္ကသိုလ်၊ ဗန်ကူးမားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ်စသော ပြည်ပနိုင်ငံ တက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရိဟိတာ ဝဟဂုဏ်၊ သာသနာဟိတဓရဂုဏ်၊ ကမ္မဋ္ဌာနနယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော် အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော် မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာ ၇၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၁၉-၉-၂၀၂၆)၊ စနေနေ့၊ နံနက် ၁၁ နာရီ ၀၃ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

စားဖိုဆောင်သီးနှံ ၈က ၂၄၀၀ ခန့် စိုက်ပျိုးထား သီးနှံလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော စက်တင်ဘာ ၁၉

ဧရာဒတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင် သီးနှံ ဧက ၂၄၀၀ ခန့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၂၃၉၇ ဧကကို ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်သည်။ ထိုသို့စားဖိုဆောင်သီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းပြီး စားဖိုဆောင် သီးနှံအပါအဝင် မိုးသီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ မစိုက်ပျိုးမီ အချိန်ကတည်းက ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်၊ သက်ဆိုင်ရာဌာနအသီးသီး ကလည်း လိုအပ်သလို ချိတ်ဆက်ကူညီပေးပါတယ်" ဟု ဦးဆန်းဝင်း ကပြောသည်။

ငပုတောမြို့နယ်၌ စားဖိုဆောင်သီးနှံ ၂၃၉၇ ဧက စိုက်ပျိုးရာတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာ၊ ပိန်းဂေါ်ဖီ၊ ဂရုတ်သီးစိမ်း၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး စသည့် သီးနှံများကို စိုက်ပျိုးထားသည်။

ပြည်တွင်းရှိ သီးနှံစိုက်ဧက ၃၃ သန်းတွင် အရေးကြီးသီးနှံများကို ဦးစားပေးစိုက်ပျိုးလျက်ရှိပြီး ပြည်တွင်းစားရေရိက္ခာဖူလုံမှုရှိစေရေး၊ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးနှင့် သွင်းကုန်အစားထိုးပမာဏ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် တောင်သူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒေသခံတောင်သူများအနေဖြင့် မိသားစုဝင်ငွေပိုမိုရရှိနိုင်သည့်အပြင် အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်စေရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါဆောင်ရွက်ရန်အရေးကြီးကြောင်း သိရသည်။

သုတကျော်

▼ **ကျောဖုံးမှအဆက်**

ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌လည်းကောင်း ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကိုသက်ဆိုင်ရာ ဇုန်လေးဇုန်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ။ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် စက်တင်ဘာလ ၂၀ ရက် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

မက်ဒရစ်ဒါဘီပါဝင်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါနှင့် အီတလီစီးရီးအေပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



ဖူလ်ဟမ် Vs မန်ယူ

ကစားမည့် ရက် / အချိန်

(၂၀-၉-၂၀၂၄ ရက် ည ၁၀:၀၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

မန်ယူ ၃ - ၂ ဖူလ်ဟမ်

ဖူလ်ဟမ် ၁ - ၁ မန်ယူ

မန်ယူ ၁ - ၁ ဖူလ်ဟမ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဖူလ်ဟမ်	အိမ်(ရှုံး)	ဝေး(သရေ)	ဝေး(နိုင်)
မန်ယူ	အိမ်(နိုင်)	အိမ်(ရှုံး)	အိမ်(ရှုံး)

ခန့်မှန်းရလဒ်

ဖူလ်ဟမ် ၁ - ၂ မန်ယူ

ဒီရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ လေးပွဲမှာ နိုင်ပွဲ မရရှိသေးဘဲ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိထားပြီး ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတဲ့ ဖူလ်ဟမ်အသင်းအနေနဲ့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရပါလိမ့်မယ်။ ဖူလ်ဟမ်အသင်းအတွက် မန်ယူအသင်းနဲ့ တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပြီး တစ်ကြိမ်သာ အနိုင်ရရှိဖူးပါတယ်။ လက်ရှိ ဖူလ်ဟမ်အသင်းရဲ့ ခြေစွမ်းပိုင်းကလည်း လိုအပ်ချက်တွေရှိနေမှာပါ။ ဒီရာသီ ဖူလ်ဟမ်အသင်းရဲ့ အားအနည်းဆုံးက တိုက်စစ်ပိုင်းဖြစ်ပြီး ရုန်းကန်နေရလို့ မန်ယူအသင်း ခံစစ်ပိုင်းကို ဖြတ်ကျော်ဖို့ခက်ခဲနေမှာပါ။

မန်ယူအသင်းကလည်း အိမ်ကွင်းနှစ်ပွဲဆက် ရှုံးနိမ့်ထားပြီး ဖိအားတွေအောက်ရောက်နေတဲ့ အတွက် အခုပွဲစဉ်မှာသာ ရလဒ်ဆိုးရွားခဲ့မယ်ဆိုရင် နည်းပြကာရစ်အနေနဲ့လည်း ထုတ်ပယ်ခံရဖို့ နီးစပ်လာနိုင်လို့ အနိုင်ရလဒ်ရရှိဖို့ မဖြစ်မနေအကောင်းဆုံးပုံစံ ပြင်ဆင်လာမှာပါ။ မန်ယူအသင်းက ခံစစ်ပိုင်းအမှားတွေကြောင့် ရလဒ်တွေ မတည်မငြိမ်ဖြစ်နေလို့ အခုပွဲစဉ်မှာသာ အသင်းခံစစ်ပိုင်းကို ပြင်ဆင်ကစားနိုင်မယ်ဆိုရင်တော့ ရလဒ်ကောင်းတစ်ခုအတွက် မျှော်လင့်နိုင်မှာပါ။ မန်ယူအသင်းက ရလဒ်တွေ မတည်မငြိမ်ဖြစ်နေတယ်ဆိုပေမယ့် အသင်းတိုက်စစ်ပိုင်းက ဂိုးသွင်းအားကောင်းနေတဲ့ အတွက် ဖူလ်ဟမ်အသင်းကို အကောင်းဆုံးရင်ဆိုင်ကစားနိုင်မှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် မန်ယူအသင်းက ၃၂ ကြိမ်အနိုင်ရရှိထားပြီး ဖူလ်ဟမ်အသင်းက ငါးကြိမ်အနိုင်ရရှိကာ ခုနစ်ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုတိုင်း အသာစီးရရှိထားတဲ့ မန်ယူအသင်းပဲ အနိုင်ရယူပြီး ဖိအားတွေအောက်ကရုန်းထွက်နိုင်မှာပါ။

မန်စီးတီး Vs ဆန်းဒါးလန်း

ကစားမည့် ရက် / အချိန်

(၂၀-၉-၂၀၂၄ ရက် ည ၇:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဆန်းဒါးလန်း ၀ - ၀ မန်စီးတီး

မန်စီးတီး ၃ - ၀ ဆန်းဒါးလန်း

ဆန်းဒါးလန်း ၀ - ၂ မန်စီးတီး

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

မန်စီးတီး	ဝေး(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
ဆန်းဒါးလန်း	အိမ်(နိုင်)	အိမ်(ရှုံး)	အိမ်(နိုင်)

ခန့်မှန်းရလဒ်

မန်စီးတီး ၂ - ၀ ဆန်းဒါးလန်း

ဒီရာသီ နည်းပြမာရက်စ်ကာလက်အောက်မှာ ပြိုင်ပွဲစုံနိုင်ပွဲရရှိထားတဲ့ မန်စီးတီးအသင်းအတွက် အိမ်ကွင်းမှာ ဆန်းဒါးလန်းအသင်းကို အနိုင်ရယူနိုင်ဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ လက်ရှိ မန်စီးတီးအသင်းရဲ့ကစားသမားစုဖွဲ့မှုအပိုင်းကလည်း ဆန်းဒါးလန်းအသင်းကို အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်စွမ်းရှိနေပါတယ်။ မန်စီးတီးအသင်းက ဆန်းဒါးလန်းအသင်းကို ၂၀၁၃ ခုနှစ်နောက်ပိုင်း တွေ့ဆုံမှုတိုင်းမှာ အသာစီးရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး တစ်ကြိမ်မှမရှုံးထားတာကို တွေ့ရမှာပါ။ ဟာလန်းဦးဆောင်နေတဲ့ မန်စီးတီးအသင်း တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေလို့ ဆန်းဒါးလန်းအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။



ဆန်းဒါးလန်းအသင်းကလည်း အသင်းလိုက် ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဆိုပေမယ့် အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်လို့ ရုန်းကန်လာရမှာပါ။ ဆန်းဒါးလန်းအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ အာဆင်နယ်အသင်း တစ်သင်းတည်းကိုသာ ရှုံးနိမ့်ပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ ပုံစံကောင်းပြသနိုင်ခဲ့တယ်ဆိုပေမယ့် အခုပွဲစဉ်မှာတော့ မန်စီးတီးအသင်းရဲ့ ဖိအားပေးတာတွေကို ပွဲချိန်ပြည့်တုံ့ပြန်ကစားဖို့ ခက်ခဲမှာပါ။ ဆန်းဒါးလန်းအသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းကလည်း မန်စီးတီးအသင်းကို ယှဉ်နိုင်မှာမဟုတ်ပါဘူး။ နောက်ပိုင်းတွေ့ဆုံမှုတိုင်းမှာလည်း ဆန်းဒါးလန်းအသင်းရုန်းကန်ခဲ့ရပါတယ်။

နှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ မန်စီးတီးအသင်းက ၂၂ ကြိမ်အနိုင်ရရှိထားပြီး ဆန်းဒါးလန်းအသင်းက ငါးကြိမ်အနိုင်ရရှိကာ လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအပိုင်းမှာရော ခြေစွမ်းပိုင်းအရပါ အသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ။

အက်သလက်တီကို Vs ရီးယဲလ်မက်ဒရစ်

ကစားမည့် ရက် / အချိန်

(၂၀-၉-၂၀၂၄ ရက် ည ၈:၄၅ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ရီးယဲလ်မက်ဒရစ် ၃ - ၂ အက်သလက်တီကို

အက်သလက်တီကို ၁ - ၂ ရီးယဲလ်မက်ဒရစ်

အက်သလက်တီကို ၅ - ၂ ရီးယဲလ်မက်ဒရစ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

အက်သလက်တီကို	ဝေး(ရှုံး)	ဝေး(နိုင်)	အိမ်(နိုင်)
ရီးယဲလ်မက်ဒရစ်	ဝေး(နိုင်)	အိမ်(နိုင်)	ဝေး(နိုင်)

ခန့်မှန်းရလဒ်

အက်သလက်တီကို ၁ - ၂ ရီးယဲလ်မက်ဒရစ်

မက်ဒရစ်မြို့ခံ ပြိုင်ဘက်အသင်းတွေဖြစ်လို့ အကြိတ်အနယ်ရှိလာဦးမှာပါ။ အက်သလက်တီကို အသင်းက နှစ်ပွဲဆက်နိုင်ပွဲရယူထားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက စိတ်ချလို့ရတဲ့အနေအထားမှာမရှိသေးပါဘူး။ အယ်လ်ဗာရက်မပါဝင်နိုင်သေးတဲ့ အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကလည်း လိုအပ်ချက်တွေရှိနေတာကို တွေ့ရမှာပါ။ ဒါပြင် အက်သလက်တီကိုအသင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံတိုင်း အများအားဖြင့် ရုန်းကန်ရလေ့ရှိပါတယ်။ အက်သလက်တီကိုအသင်းက နောက်ဆုံးနှစ်ပွဲဆက် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့တယ်ဆိုပေမယ့် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့အတွက် လိုအပ်ချက်တွေရှိနေမှာပါ။

ရီးယဲလ်မက်ဒရစ်အသင်းကလည်း အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းကို ဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အခုပွဲစဉ်မှာလည်း ရလဒ်ကောင်းရယူနိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲတည်းရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲလေးပွဲရယူနိုင်ခဲ့တဲ့အထိ ကောင်းမွန်နေလို့ အခုပွဲစဉ်မှာလည်း မြို့ခံပြိုင်ဘက် အက်သလက်တီကိုအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါပြင် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းက ဂိုးသွင်းအားကောင်းနေလို့ အက်သလက်တီကိုအသင်းခံစစ်ပိုင်းကို ထိုးဖောက်ကစားနိုင်မှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းက ၂၄ ကြိမ်အနိုင်ရရှိထားပြီး အက်သလက်တီကိုအသင်းက ၁၅ ကြိမ်အနိုင်ရရှိကာ ၁၇ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ဂျူဗင်တပ်စ် Vs အတ္တလန္တာ

ကစားမည့် ရက် / အချိန်

(၂၀-၉-၂၀၂၄ ရက် ည ၁၀:၃၀နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အတ္တလန္တာ ၀ - ၁ ဂျူဗင်တပ်စ်

အတ္တလန္တာ ၃ - ၀ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ် ၁ - ၁ အတ္တလန္တာ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဂျူဗင်တပ်စ်	အိမ်(သရေ)	ဝေး(ရှုံး)	အိမ်(နိုင်)
အတ္တလန္တာ	အိမ်(နိုင်)	ဝေး(ရှုံး)	အိမ်(ရှုံး)

ခန့်မှန်းရလဒ်

ဂျူဗင်တပ်စ် ၁ - ၀ အတ္တလန္တာ

လိဂ်နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဂျူဗင်တပ်စ်အသင်းအနေနဲ့ အခု အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဂျူဗင်တပ်စ်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲရလဒ်ကိုကြည့်မယ်ဆိုရင်လည်း တစ်ပွဲတည်းရှုံးနိမ့်ခဲ့ပြီး တစ်ပွဲသရေရလဒ်နဲ့ သုံးပွဲအနိုင်ရရှိထားလို့ ပုံစံကောင်းပြသထားတာကို တွေ့ရမှာပါ။ လက်ရှိ ဂျူဗင်တပ်စ်အသင်းရဲ့ခြေစွမ်းပိုင်းကလည်း ပုံမှန်ခြေစွမ်းပိုင်းအောက်ရောက်နေတဲ့ အတ္တလန္တာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ မူအာနီနဲ့ ကွန်စီကာအိုတို့ဦးဆောင်နေတဲ့ ဂျူဗင်တပ်စ်အသင်း တိုက်စစ်ပိုင်းကလည်း အိမ်ကွင်းဆိုရင် ဂိုးသွင်းအားကောင်းနေလို့ အတ္တလန္တာအသင်းခံစစ်ပိုင်းက ထိန်းချုပ်ဖို့ ခက်ခဲဖွယ်ရှိနေပါတယ်။

အတ္တလန္တာအသင်းကတော့ ရာသီအစပိုင်းမှာ ရလဒ်တွေ ဆက်တိုက်ကောင်းမွန်ခဲ့တယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ပြန်လည်ဆိုးရွားနေပြီး နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲတွေ့ကြုံထားပါတယ်။ အတ္တလန္တာအသင်းတိုက်စစ်ပိုင်းက နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ တစ်ပွဲကို တစ်ဂိုးတည်းသာသွင်းယူနိုင်ခဲ့ပြီး ရုန်းကန်နေရလို့ ဂျူဗင်တပ်စ်အသင်းခံစစ်ပိုင်းကို ထိုးဖောက်ရခက်ခဲမှာပါ။ လက်ရှိ အတ္တလန္တာအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိလို့ ဂျူဗင်တပ်စ်အသင်းအိမ်ကွင်းမှာ ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနေမှာ အမှန်ပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ဂျူဗင်တပ်စ်အသင်းက ၂၂ ကြိမ် အနိုင်ရရှိထားပြီး အတ္တလန္တာအသင်းက ငါးကြိမ် အနိုင်ရရှိကာ ၁၃ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အိမ်ရှင်အားသာချက်ရှိနေတဲ့ ဂျူဗင်တပ်စ်အသင်းပဲ အနိုင်ရယူမှာပါ။

စည်သူအောင်

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်ဟိန်းနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်ဌေးလွင်၊ ဒုရဲအုပ်လင်းဇော်ဦးနှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်ဇော်မှတ်နှင့် အဖွဲ့သည်လည်းကောင်း၊လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်မြို့မရဲစခန်းမှ ဒုရဲအုပ်နန်းသက်သက်အောင်နှင့်



အဖွဲ့သည်လည်းကောင်း၊ ကျောက်တံတားမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့်တိုက်ကြီးမြို့နယ်တို့ရှိယာဉ်ထိန်းတပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက်မှုခင်းပညာပေးခြင်း၊ ဆိုင်ကယ်၊ စက်ဘီးဖြင့်လှည့်ကင်းဆောင်ရွက်ခြင်း၊ ခါးပိုက်နှိုက်များအား ရှောင်တခင်ဖမ်းဆီးခြင်း၊ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ ညပိုင်းကလည်း စမ်းချောင်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးမြတ်သူနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်မျိုးထွန်းနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှ ရဲအုပ်စိုးမင်းလတ်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်သက်ဇော်မောင်နှင့် အဖွဲ့သည်လည်းကောင်း၊ ဖောင်ကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်စံလှဦးနှင့်အဖွဲ့သည်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ကြပ်တင်မိုးလွင်နှင့်အဖွဲ့သည်လည်းကောင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်ခြင်း၊ Bar အားစစ်ဆေးခြင်း၊ လှည့်ကင်း၊ ပတ်ကင်းဆောင်ရွက်ခြင်း၊ မသက်သေသယာဉ်အား စစ်ဆေးခြင်းနှင့် ဧည့်စာရင်းစစ်ဆေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်သူ

➢ **ကျောဖုံးမှအဆက်**

အဖွင့်ပွဲစဉ်တွင် မြန်မာယူ-၁၇ အသင်းသည် ဂျပန်ယူ-၁၇ အသင်းကို ရှုံးနိမ့်ခဲ့သကဲ့သို့ နယူးဇီလန်အသင်းသည်လည်း နီဂါတာလက်ရွေးစင်အသင်းကို ရှုံးနိမ့်ထား၍ နိုင်ပွဲလိုအပ်နေသည့် အသင်းနှစ်သင်း ရင်ဆိုင်တွေ့ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမပိုင်းပြိုင်ပွဲတွင် မြန်မာယူ-၁၇အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးယူပြီး ပြိုင်ဘက်ကို ဖိအားပေးကစားခဲ့သည်။ပွဲကစားချိန် မိနစ် ၃၀ တွင် သူရမင်းသန့်က ဂိုးဧရိယာအစပ်ကနေ တိုက်ရိုက်ကန်သွင်းပြီး ဦးဆောင်ဂိုးသွင်းယူသွားသည်။ လက်ကျန်ပွဲကစားချိန်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြသော်လည်း ၁ ဂိုး-ဂိုးမရှိဖြင့်ပင် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်နယူးဇီလန်အသင်း ချေပဂိုးပြန်လည်ရရှိရေး တိုက်စစ်မြှင့်ကစားလာသော်လည်း ၁၀ မိနစ်ဝန်းကျင်တွင် ကစားအားကျကာ မြန်မာယူ-၁၇ အသင်းကသာ ပွဲကို တစ်ဖန်ပြန်စိုးမိုးလာသည်။ ပွဲကစားချိန် ၅၅ မိနစ်တွင် မြန်မာယူ-၁၇ အသင်း၏တိုက်စစ် နယူးဇီလန်ဂိုးဧရိယာအတွင်း အကောင်းဆုံးထိုးဖောက်ကစားနိုင်ခဲ့သော်လည်း နယူးဇီလန်ဂိုးသမား၏ လက်စွမ်းပြကာကွယ်နိုင်မှုများကြောင့် မြန်မာအသင်း ဒုတိယဦးဆောင်ဂိုးရရှိရန် နှောင့်နှေးခဲ့ရသည်။ မြန်မာယူ-၁၇ အသင်းသည်နောက်ဆုံးအချိန်အထိ တိုက်စစ်အားကောင်းကောင်းဖြင့် ပြိုင်ဘက်အသင်းကို ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၈၈ မိနစ်တွင် ဦးဆောင်ဂိုးသွင်းသူ သူရမင်းသန့်ကပင် ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ မြန်မာအသင်းက နယူးဇီလန်အသင်းကို အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် နှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး တတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၁ ရက် မြန်မာစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲတွင် နီဂါတာလက်ရွေးစင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၉-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၂၅	၃၉၈၀	၃၉၃၀	၃၈၄၀	၃၉၈၀	၃၉၉၅	၄၀၃၀	၃၉၁၀	၄၂၈၀	၄၃၀၅	၃၉၃၀	၄၀၅၅	၄၀၂၀	၃၉၈၀	၃၉၉၀	၄၂၂၀
95 Ron	၃၉၅၀	၄၁၀၅	၄၀၅၅	၃၉၆၅	၄၁၀၀	၄၁၂၅	၄၁၅၅	၄၀၃၅	၄၄၀၅	၄၄၃၅	၄၀၅၅	၄၁၀၀	၄၁၀၃	၄၁၀၅	၄၁၀၅	၄၄၃၅
HSD (500 ppm)	၄၁၅၀	၄၃၀၀	၄၂၅၅	၄၁၆၅	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၀၅	၄၂၅၅	၄၃၅၀	၄၃၄၀	၄၃၀၀	၄၃၀၀	၄၄၃၀
HSD (50 ppm)	၅၀၅၀	၅၂၀၅	၅၀၅၅	၅၀၆၅	၅၂၀၀	၅၂၂၅	၅၂၆၀	၅၁၃၅	၅၀၀၅	၅၁၃၅	၅၀၅၅	၅၂၀၀	၅၂၀၀	၅၂၀၅	၅၂၀၅	၅၄၄၅
HSD (10 ppm)	၅၀၅၀	၅၂၀၅	၅၁၅၅	၅၀၆၅	၅၂၀၀	၅၂၂၅	၅၂၆၀	၅၁၃၅		၅၁၃၅	၅၁၅၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၀၅	၅၄၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၂၃	၃၇၂၉
95 Ron	၃၇၄၄	၃၈၅၃
HSD (500 ppm)	၃၉၅၄	၄၀၆၄
HSD (50 ppm)	၄၈၁၃	၄၉၄၀
HSD (10 ppm)	၄၈၁၃	၄၉၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ **အကြိမ် (၂၀)မြောက်မှ**

နှင့် console အားကစားသမားများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ပထမဆုံးအသုတ်အဖြစ် ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် Esports အသင်းသည်ပြီးခဲ့သည့် ဒေသတွင်းခြေစစ်ပွဲများတွင် အာရှထိပ်သီးအသင်းများကို ရင်ဆိုင်ကျော်ဖြတ်၍ Esports ကစားနည်းငါးမျိုးဖြင့် အာရှအားကစားပြိုင်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲကာလ၌ အိမ်ရှင်ဂျပန်အပါအဝင်တောင်ကိုရီးယား၊တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန် စသည့် အာရှထိပ်သီးနိုင်ငံများနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယနေ့တွင် အာရှအားကစားပြိုင်ပွဲသို့ ပထမဆုံးအသုတ်အဖြစ် စတင်ထွက်ခွာသည့် eFootball mobile နှင့် console အားကစားသမားများအား မြန်မာနိုင်ငံအီးစပို့အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အီးစပို့အားကစားဝါသနာရှင်များနှင့် ပရိသတ်များက လိုက်ပါအားပေးပို့ဆောင်ခဲ့ကြပြီး စက်တင်ဘာလ ၂၄ ရက်တွင် Honor of Kings (HOK) အသင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် Mobile Legends: Bang Bang (MLBB) အသင်းတို့ ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

သစ္စာ(MNA)

Insolvency law ပုဒ်မ ၁၄၇(က)(၁)နှင့် (၂)အရ
အစုရှင်များ၏ဆန္ဒအလျောက်
Royal Matrix Advisory Company Limited
စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့စွဲ၌ Royal Matrix Advisory Company Limited အား လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ တစ်နှစ်အတွင်း အတိုးနှင့်တကွ ပေးချေနိုင်ကြောင်း အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် ဦးကျော့မောင်၊ Insolvency Practitioner(MAIP No. 109550)အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့ကိုနောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Bo Bo Wai Maung, Director, Royal Matrix Advisory Company Limited
Daw Kay Thi Win, Director, Royal Matrix Advisory Company Limited

ပျောက်ဆုံးကြောင်း

ဗဟန်းမြို့နယ်၊ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ်(၅၂၀)နေ ဝေယံဦး(ဘ)ဦးဝင်းနိုင်၁၃/လရန(နိုင်)၂၇၀၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နေ မဇာဇာထွန်း(ဘ)ဦးဘခင် ၁၂/ရပသ(နိုင်)၁၃၃၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၀၃၄၆၉၃၄

ပျောက်ဆုံးကြောင်း

စောခင်ဇော်(ဘ)ဦးဘတင် ၁၀/လမနခ(နိုင်)၀၀၅၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၅၀၅၃၂၇

အမည်ပြောင်း

ဘားအံမြို့၊ အထက(၄)၊ Grade-9(B) မှ အဘ ဦးမြင့်နိုင်၏သား မောင်ကောင်းထက်ဟိန်းအား စောကောင်းထက်ဟိန်း ၃/ကကရ(နိုင်)၃၁၄၂၀၃ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

စောကောင်းထက်ဟိန်း

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ Grade-12(C) မှ စောမြင့်နိုင်၏မိခင်အမည်မှန်မှာ ဒေါ်နန်းမုလာဖော်ဝ ၃/ဘအန(နိုင်)၁၈၃၆၁ ဖြစ်ပါကြောင်း။

ဒေါ်နန်းမုလာဖော်ဝ

ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့၊ အ.ထ.က(၀က္ကမ္ဘ) Grade-12 မှ မယွန်းဝတီကျော်၏ ဖခင်အမည်မှန်မှာ ဦးရဲမင်း ၁၄/၁၆၈(နိုင်)၁၄၆၇၃၂ ဖြစ်ပါကြောင်း။

ဦးရဲမင်း

ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ အ.ထ.က ပျဉ်ပုံကြီးကျောင်း၊ Grade-11 မှ မောင်ဖြိုးဝေနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၇/၁၃၆(နိုင်)၁၃၅၁၅၇ ဖြစ်ပါကြောင်း။

ဦးအောင်စိုး

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ Grade-12(C) မှ စောဇော်သူ၏ မိခင်အမည်မှန်မှာ ဒေါ်မရင်လှ ၃/လဘန(နိုင်)၁၁၀၃၈၅ ဖြစ်ပါကြောင်း။

ဒေါ်မရင်လှ

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ Grade-12(C)မှ နန်းမြင့်မြင့်ဌေး၏မိခင်အမည်မှန်မှာ ဒေါ်မယ်အောင်ကြည် ၃/ကကရ(နိုင်)၀၄၉၀၉၃ ဖြစ်ပါကြောင်း။

ဒေါ်မယ်အောင်ကြည်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မဟာထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်း(G-12) သင်ဆဲမှောင်ပြည့်ဖြိုးအောင်၏ဖခင်ဦးမောင်မောင်ကျော်၏အမည်မှန်မှာ ဦးမောင်ကျော် ၈/တတက(နိုင်)၁၅၅၅၃၉ ဖြစ်ပါကြောင်း။

ဦးမောင်ကျော်

ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ အ.ထ.က(၂)ကျောင်း၊ Grade-12 မှ မောင်အုံဖွယ်စိုး၏ ဖခင်အမည်မှန်မှာ ဦးရင်ဆန်း ၇/ပခန(နိုင်)၀၆၆၁၃၇ ဖြစ်ပါကြောင်း။

ဦးရင်ဆန်း

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ Grade-12(C)မှ မောင်အောင်ထက်မြတ်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဖုန်းထက် ၁၀/ပမန(နိုင်)၂၅၁၈၃ ဖြစ်ပါကြောင်း။

ဒေါ်ခင်ဖုန်းထက်

ပျောက်ဆုံးကြောင်း

စိုင်းကျော်ထင်(ဘ)ဦးခမ်းအိုက် ၁၃/မဆတ(နိုင်)၀၀၁၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၆၆၄၄၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၃)ဒေဝီကျောင်း ကျောင်း၀ဝင်အမှတ် ၀၂၅၇ (G-5)သင်ဆဲမှောင်သိန်းထက်အောင်၏ဖခင် မောင်စိုး၏အမည်မှန်မှာ ဦးစိုး ၈/တတက(နိုင်)၁၆၇၆၃၆ ဖြစ်ပါကြောင်း။

ဦးစိုး

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ Grade-12(A) မှ နန်းဟိအဲချမ်း၏မိခင်အမည်မှန်မှာ နန်းအဲထွန့် ၃/ဘအန(နိုင်)၃၄၅၆၈၁ ဖြစ်ပါကြောင်း။

နန်းအဲထွန့်

ပျောက်ဆုံးကြောင်း

မရီရီ(ဘ)ဦးဖိုးသာထွန်း ၁၂/လသယ(နိုင်)၀၇၀၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၆၆၁၆၇

မွေးသက္ကရာဇ်အမှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မူလွန်ကျောင်းမှ အထွေထွေလုပ်သား ဒေါ်နော်ယူဖော ၂/ဒဆဆ(နိုင်)၀၀၅၃၃၉၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၆၆ ဖြစ်ပါကြောင်း။

၁၆-၇-၁၉၆၆

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်ဖြစ် အရသာထူး ဒိတ်ရွှင်ကြည်နူး ....

ရွေးချယ်ဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ထံ BEST Practices Award ရရှိခဲ့သည့် လေ့ဖိုင်း



Black Tea



ရွှေဖီး

Tea Mix



Lemon Tea



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၀၁၈၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale- ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

SMART®

GENTLEMEN FASHION

















Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

AVAILABLE SERVICES

- Inland Container Depot
- Warehouse Service
- Customs Freight Station Service
- Trucking Service
- Logistic Service
- Multi-modal Transportation Services



lpm

LANN PYI MARINE

COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝန်ပန်းတာရော်ဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီးညောထုတုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် သြဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ့်ကျမှုဖြစ်ပွားသည့်နေရာနှင့် စက်တင်ဘာလ

စာမျက်နှာ ၂၀ ကော်လံ ၁ ●



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူးပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းဌာလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး

စာမျက်နှာ ၂၇ ကော်လံ ၁ ▼

နိုပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများ အနေဖြင့် လူကြုံပစ္စည်းများသယ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ သတိပြုရန် သံရုံးအသိပေး

စာ - ၉ သို့



နိုင်ငံတကာလူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဒုတိယပွဲတွင် မြန်မာယူ-၁၇ အသင်း နိုင်ပွဲပြန်ရ

ရန်ကုန် စက်တင်ဘာ ၁၉

ဂျပန်နိုင်ငံ နိဂါတာမြို့၌ ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)နှင့် နိဂါတာဒေသဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် (၂၈)ကြိမ်မြောက် နိုင်ငံတကာလူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် မြန်မာယူ-၁၇ အသင်းနှင့် နယူးဇီလန်ယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာယူ-၁၇ အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် နယူးဇီလန် အသင်းကိုအနိုင်ရရှိသွားသည်။

စာမျက်နှာ ၃၀ ကော်လံ ၅ ➢

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း Teqball Women's Single ပြိုင်ပွဲတွင် ခင်နှင်းဝေနှင့် အမျိုးသမီးနှစ်ယောက်တွဲ Teqball Women's Doubles ပြိုင်ပွဲတွင် ဆုမွန်အောင်နှင့်ဖြူဖြူသန်းတို့အတွဲ ဗိုလ်လုပွဲသို့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ - နာဂိုယာမြို့(Nagoya City Higashi Sports Center) တွင် ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ဂ်ဘော

စာမျက်နှာ ၂၀ ကော်လံ ၁ ❍





အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka)မှ eFootball အားကစားသမားများ ဂျပန်နိုင်ငံသို့ ပထမဆုံးအသုတ်အဖြစ် စတင်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ (Aichi-Nagoya, Japan) ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကြီး(20th Asian Games 2026) တွင် နိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် Esports အသင်း (Team Zanaka)၏ eFootball mobile

စာမျက်နှာ ၃၀ ကော်လံ ၅ ■